# ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (13-5-2012) (၇၁၁၉)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်သူတို့ဆန္ဒ၊ ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေးကြိုးပမ်းဖော်ဆောင်

## တိုင်းပြည်တည်ငြိမ်အေးချမ်းစေရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုရရှိရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် မူဝါဒများချမှတ်ဖော်ဆောင်လျက်ရှိ

## စိုက်ပျိုးရေးလုပ်ငန်းကို အနာဂတ်စားနပ်ရိက္ခာဖူလုံမှုအတွက် ယခုကတည်းက ဆောင်ရွက် နိုင်ငံနှင့်ပြည်သူ ကြွယ်ဝချမ်းသာရေးအတွက်လည်း စက်မှုနိုင်ငံထူထောင်နိုင်ရေး ကြိုးပမ်း

နေပြည်တော် မေ ၁၂

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံး၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။**



အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးအစီအစဉ်အရ အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူတို့ဆန္ဒ၊ ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေး ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူအများစု၏ တူညီသောဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းစေရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုရရှိရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် မူဝါဒများချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်လျက်ရှိကြောင်း။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အနာဂတ်စားနပ်ရိက္ခာ

**စာမျက်နှာ ၃ ကော်လံ ၄ သို့**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

**ယနေ့ သတင်းအညွှန်း**

**အိုလံပစ်ပွဲတော်ကာလအတွင်း စွမ်းအားမြင့် အသံလိုင်းထုတ်လက်နက်များ ပြတိုက်အသုံးပြုမည်**

နိုင်ငံတကာသတင်း စာမျက်နှာ ၅

**ကန်းရပ်ရှင်ပွဲတော်သို့ အက်ရှဝါရာရိုင်း တက်ရောက်မည်**

အနုပညာသတင်း စာမျက်နှာ ၇

**မန်ယူကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာ ဂျူပင်တပ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုမည်ဟုဆို**

အားကစားသတင်း စာမျက်နှာ ၁၀

ကြေးမုံစာတည်းရှုထောင့်

၁၃-၅-၂၀၁၂[တနင်္ဂနွေနေ့]။

# အမိမြေ၊ အမိရေသည်သာ ခင်တွယ်မြတ်နိုးစရာ

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် ငွေကြေးအရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲလုပ်ဆောင်မှုတို့သည် အရေးကြီးသောလုပ်ငန်းစဉ်များပင်ဖြစ်ပေသည်။ ယနေ့ကဲ့သို့ နိုင်ငံကိုပြုပြင်ပြောင်းလဲဆောင်ရွက်နေသော အချိန်အခါသမယတွင် အရာရာ၌ ကောင်းမွန်သောတိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ဖော်ပြပါလုပ်ငန်းစဉ်များတွင် လိုအပ်ချက်၊ အားနည်းချက်များ ရှိနေဆဲပင်ဖြစ်သည်။

ထိုလိုအပ်ချက်များအား ဖြည့်စွမ်းနိုင်ရန်အတွက် ငွေကြေးအရင်းအနှီးတွင် နိုင်ငံတကာက မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်ကို နားလည်သိရှိပြီး ကူညီမှုများပြုလာသော်လည်း ဆက်လက်၍လည်း အကူအညီ၊ အထောက်အပံ့နှင့်ချေးငွေများ လိုအပ်နေဦးမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များသည် နိုင်ငံတည်ဆောက်ရေးအတွက် အဓိကကျသဖြင့် ၎င်းတို့ပူးပေါင်းပါဝင်လာရန် ပြည်တွင်းသာမက နိုင်ငံအရပ်ရပ်တွင် ရောက်ရှိနေသောမြန်မာနိုင်ငံသား ကျွမ်းကျင်သူများ၊ ပညာရှင်များအား အမိမြန်မာပြည်သို့ ပြန်လည်လာရောက်၍ မိမိနှင့်နိုင်ငံအတွက်အကျိုးပြုနိုင်စေရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စဉ်ဆက်မပြတ်ဖိတ်ခေါ်လျက်ရှိသည်။

ယခုအခါပြည်ပရောက်နိုင်ငံသားဦးရေမှာ သန်းနှင့်ချီ၍ရှိနေပြီး သည်စထရိတ်တိုင်းသတင်းစာအဆိုအရ စင်ကာပူတစ်နိုင်ငံတည်းတွင်ပင် ၂၀၀၇ ခုနှစ်၌ မြန်မာလူမျိုးတစ်သိန်းကျော်ရှိသည်ဟု ဆိုထားသည်။ အခြားသောအရှေ့အနောက်နိုင်ငံအသီးသီးသို့ ရောက်ရှိနေကြသော မြန်မာနိုင်ငံသားအားလုံးတို့တွင် သာမန်လုပ်သားများ ပါဝင်သကဲ့သို့ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်ပေရာ အဆိုပါလူတန်းစား အလွှာအသီးသီးတို့သည် မြန်မာနိုင်ငံသားစစ်များပင်ဖြစ်ကြသည်။

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားကြသော မြန်မာနိုင်ငံသားများမှာ အပြီးနေထိုင်သူများ၊ ခိုလှုံနေထိုင်သူများ၊ တရားမဝင်နေထိုင်သူများ၊ ခေတ္တနေထိုင်သူများဟူ၍ အမျိုးမျိုးရှိကြပေသည်။ ယနေ့ကာလတွင် မိမိတို့နိုင်ငံအနေဖြင့် ပွင့်လင်းမြင်သာပြီး လွတ်လပ်စွာနေထိုင်လုပ်ကိုင်နိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံအတွင်း လုပ်သာကိုင်သာသော အခွင့်အလမ်းကောင်းများလည်း ရှိလာပြီဖြစ်သည်။ သို့ဖြစ်၍ ပြည်ပရောက် မြန်မာပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များသာမက အလုပ်မျိုးစုံသွားရောက်လုပ်ကိုင်နေကြသော နိုင်ငံသားအားလုံးတို့သည် အမိနိုင်ငံတိုးတက်ရေး၊ မိမိ မိသားစုဘဝ သာယာလှပရေးတို့အတွက် အမိမြေသို့ ပြန်လာသင့်သော အချိန်အခါကောင်းဖြစ်ပေသည်။

မိခင်အရိပ်အာဝါသသည် မည်သည့်အရိပ်အာဝါသနှင့်မျှမတူသည့် အေးမြသည့် အရိပ်အာဝါသပင်ဖြစ်သည်ကို နိုင်ငံရပ်ခြားသို့ ကိုယ်တိုင်ရောက်ဖူးသူတိုင်း သိကြမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့်သာ မဖြစ်မနေသွားရောက်ခဲ့ကြသော်လည်း ကိုယ့်တိုင်းပြည်၊ ကိုယ့်မြေ၊ ကိုယ်ရေ၊ ကိုယ်လူ့မျိုးတို့ကိုသာ ချစ်ခင်မြတ်နိုးစိတ်ရင်းရှိကြသူများဖြစ်ပေသည်။

ယခုအခါ ပြည်ပရောက်မြန်မာနိုင်ငံသားများကို နိုင်ငံတော်က တံခါးဖွင့်လက်ခံကြိုဆိုလျက်ရှိပြီး မိမိတို့နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် စီးပွားရေးအလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြလာလျှင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည်ဟုပင် ကြားသိရပေရာ အဝေးရောက် မိမိတို့ညီအစ်ကိုမောင်နှမသားချင်းများအတွက် ဝမ်းမြောက်ဖွယ် သတင်းကောင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် အမိမြေ၊ အမိရေသည်သာ ခင်တွယ်မြတ်နိုးစရာ အကောင်းဆုံးဖြစ်သည်ကို သိရှိပြီဖြစ်၍ ပြည်တွင်းမှ ညီအစ်ကိုမောင်နှမ မိသားစုများထံသို့ အရောက်ပြန်ကာ နိုင်ငံတော်အကျိုး၊ မိမိ မိသားစုအကျိုးများကို သယ်ပိုးထမ်းဆောင်ရန် အချိန်အခါသမယကောင်းဖြစ်ပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီနယ်မြေ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးဆိုင်ရာ ဆွေးနွေး

**နေပြည်တော် မေ ၁၂**

နေပြည်တော် ကောင်စီနယ်မြေ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများနှင့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် စီမံကိန်းရည်မှန်းချက်များသည် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းနိုင်ခြင်း ရှိ/မရှိ လေ့လာသုံးသပ်ရေး၊ စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်စွာ ကောက်ယူပေးနိုင်ရေး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု ပြန်လည်သုံးသပ်တင်ပြနိုင်ရေး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေပြဋ္ဌာန်းချက်ပါ ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုများကို လစဉ်နှင့် သုံးလတစ်ကြိမ်သုံးသပ်တင်ပြနိုင်ရေး၊ ပဉ္စမကာလတို ငါးနှစ်စီမံကိန်းတွင် ရေးဆွဲရန်ကျန်ရှိနေသေးသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းများ စနစ်တကျရေးဆွဲရေးနှင့် ရေတိုရေရှည် အကျိုးရှိမည့် စီမံကိန်းများ ဖြည့်စွက်ရေးဆွဲသွားနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်(၈)ရပ်အပေါ် အကောင်အထည်ဖော်နိုင်ရေး၊ ပေါင်းစည်းစာရင်းများ ကောက်ယူနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးဆိုင်ရာများကို လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက လုပ်ငန်းဆိုင်ရာများကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ တင်ပြဆွေးနွေးချက်များကို ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နေပြည်တော် ကောင်စီနယ်မြေ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများနှင့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၅-၂၀၁၂ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၇း၂၅ | မြန်မာ့ရှုခင်း |
| ၈း၁၅ | ဇာတ်လမ်းတို |
| ၁၁း၂၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၁း၃၀ | ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၅၆) |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အိမ်ကြီးသခင် |
| ၄း၅၅ | ကြိုတင်တားဆီးရန်သူမီး |
| ၅း၂၀ | ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း |
| ၆း၃၀ | ဘဝကြေးမုံ (လရောင်ရိပ်ကြိတ်မှိတ်ငို မျက်ဝန်းညို့ သူမကို) (ရန်နိုင်၊ ဂျူးဂျူးကေနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)] |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သူ့ရဲ့ကောင်းလေးကျွန်မချစ်သူ (အပိုင်း-၂၂)** |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ပဟေဠိနန်းတော် -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်" (အပိုင်း-၂၂) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရက်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၂၇)** |



**မေ ၁၁ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် ရန်ကုန် အိုင်စီတီပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် Myanmar ICT Awards 2011 (Educational Project)ဆရာအဆင့်ပြိုင်ပွဲတွင် ဆုရရှိသည့် ဒေါ်ခင်စန္ဒာဦး (အထက-၂ ကမာရွတ်)အား ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး ဆုပေးအပ်ချီးမြှင့်စဉ်။**(ကြေးမုံ)



**မေ ၁၁ ရက်က နှစ်ဖက်မိဘများအား အမှူးထား၍ အမှတ် -၃၉(အေ) ခုနစ်မိုင်ခွဲ ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ Ruby Dragon Companies ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း-ဒေါ်အေးအေးမြင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၃၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)

# ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်

**ရေတာရှည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခင်နှစ်မိုးရာသီကာလ စစ်တောင်းမြစ်ရေကြီးခဲ့သော သာဂရမြို့ ကျူဖောင်းကျေးရွာနှင့် အေးသုခရွာတို့အား သွားလာမှုအဆင်ပြေစေရေးအတွက် ကိုယ့်အားကိုယ်ကိုး မြေသားလမ်း ဖောက်လုပ်ထားသည်ကို မေ ၁၁ ရက်က တွေ့ရှိခဲ့ရသည်။ **(အောက်ပုံ)**

စစ်တောင်းမြစ်နှင့် ထိစပ်လျက်ရှိသော ကျူဖောင်းကျေးရွာသည် မိုးရာသီကာလ၌ ရေကြီးရေလျှံမှုကြောင့် ခရီးသွားလာမှု အခက်အခဲများစွာရှိခဲ့သည်။ ထို့ကြောင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းလျက် ကျူဖောင်းနှင့် အေးသုခရွာအကြား မိုင်ဝက်ခန့်အကွာအဝေးကို မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့သည်။ အဆိုပါမြေသားလမ်းသည် စစ်တောင်းမြစ်ရေ မြင့်တက်နိုင်သည်ထက် ပိုမြင့်သည့်အတွက် မိုးကာလအတွင်း ခရီးသွားလာရေးအတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ဒေသခံရွာသူရွာသားများက ပြောပြသည်။

(၅၇၈)



## မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံ့ဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၇. ၀၀၀ | ၀. ၀၀၁၂၁ |
| ထိုင်း (ဘတ်) | ၃၁. ၁၆၀၀ | ၀. ၀၃၂၀၉ |
| တရုတ် (ယွမ်) | ၆. ၃၁၁၃၀ | ၀. ၁၅၈၄၅ |
| အိန္ဒိယ (ရူပီး) | ၅၃. ၆၃၅၀ | ၀. ၀၁၈၆၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၇၃၃၅ | ၀. ၃၂၅၃၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၂၆၅ | ၀. ၇၉၈၃၁ |
| ဂျပန် (ယန်း) | ၇၉. ၉၂၅၀ | ၀. ၀၁၂၅၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၆. ၆၅ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၇၄၂၅ | ၁. ၂၉၁၅၇ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၂၁၈ | ၁. ၆၀၇၂၅ |

**အင်တာနက်။**



အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း တင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တင်ပြစဉ်။ (သတင်းစဉ်)



❒ ရှေ့ဖုံးမှ

ဖူလုံမှုအတွက် ယခုကတည်းက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံနှင့်ပြည်သူ ကြွယ်ဝချမ်းသာရေးအတွက်လည်း စက်မှုနိုင်ငံထူထောင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြရသည့် မြန်မာအလုပ်သမားများ များစွာရှိနေကြောင်း၊ ဤသည်မှာ မိမိနိုင်ငံအတွက် လုပ်အားများ ဆုံးရှုံးနေခြင်းဖြစ်၍ ၎င်းမြန်မာအလုပ်သမားများ ကိုယ့်တိုင်းပြည်ပြန်လာပြီး အလုပ်လုပ်နိုင်အောင်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာအောင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ကာ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများ ထူထောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထွက်ရှိသည့် ကုန်ကြမ်းများကို တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ ဥက္ကဋ္ဌများအနေဖြင့်လည်း အားသွန်ခွန်စိုက် ပါဝင်ကူညီလုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ လုံးဝရပ်စဲပြီး ထာဝရတည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးဆွေးနွေးနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ဥပဒေနှင့်အညီ တတ်နိုင်သမျှ အားပေးကူညီပေးကြစေလိုကြောင်း၊ စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ် ကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် စေတနာကိုနားလည်သဘောပေါက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းထူး(ခ) ဦးထွန်းလူ တင်ပြစဉ်။ (သတင်းစဉ်)



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးစံလွင် တင်ပြစဉ်။ (သတင်းစဉ်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် သင်တန်းဖွင့်ပွဲများတက်ရောက်

နေပြည်တော် မေ ၁၂

**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် မေ ၇ ရက်တွင် ဘားအံမြို့နယ် တဝန်ဖန်ရစ်ပြကျေးရွာအနီး၌ မိုးစပါးစိုက်ပျိုးရေး စုပေါင်းထွန်ယက်နေမှုနှင့်သဘာဝမြေသြဇာကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ဇနီး ဒေါ်ညွှန့်ညွှန့်ဝေ၊ ပြည်နယ်ဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များသည် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာသို့သွားရောက်၍ (၁၀၁)နှစ်ရှိ အဘွား ဒေါ်အေးကြူအား ကန်တော့ပစ္စည်းများ၊ အလှူငွေများဖြင့်ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် မြိုင်ကြီးငူ-မဲသဝေါ လမ်းပိုင်းကတ္တရာခင်းပြီးစီးမှုနှင့် မြိုင်ကြီးငူဒေသအတွင်း စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသည့် ကြံစိုက်ခင်းများကို ကြည့်ရှု၍ မြိုင်ကြီးငူဒေသ သစ္စာလင်းမြိုင် စစ်မှုထမ်းဟောင်းအိမ်ရာ၌ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူများအား ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြိုင်ကြီးငူ တိုက်နယ်ဆေးရုံသို့သွားရောက်ပြီး ဆိုလာအသုံးပြုကာ ဆေးရုံအတွင်း ၂၄ နာရီ လျှပ်စစ်မီးရရှိမှု၊ လူနာများအပန်းဖြေနိုင်ရေး ရုပ်မြင်သံကြားပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများနှင့် ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ မြိုင်ကြီးငူအခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး မြိုင်ကြီးငူဒေသအတွင်း စိုက်ပျိုးရန် နှစ်ရှည်ရော်ဘာမျိုးကောင်းမျိုးသန့်ပျိုးပင် ကိုးသောင်းပျိုးထောင်ထားမှုကို ကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် ဘားအံမြို့၊ မြဝတီမြို့သင်တန်းကျောင်းများ၌ ကျင်းပခဲ့သည့် အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်ပွဲများသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဟိုမုန်းနှင့်ဆိုင်သောရောဂါ အထူးကုဘာသာရပ်၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံဆရာဝန်အသင်း၏ အထူးကုဘာသာရပ်တစ်ခုဖြစ်သည့် ဟိုမုန်းနှင့်ဆိုင်သောရောဂါ အထူးကုဘာသာရပ် [Myanmar Society of Endocrinology and Metabolism(MSEM)] တတိယအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်**(ယာပုံ)**နှင့် ဟိုမုန်းနှင့်ဆိုင်သော ရောဂါအထူးကုဘာသာရပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အထူးကုဘာသာရပ်ဥက္ကဋ္ဌတို့က ဆေးနှင့်ဆေးပစ္စည်းအရောင်းပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ညီလာခံကို မေ ၁၃ ရက်အထိကျင်းပမည်ဖြစ်ပြီး Symposium ၁၁ ခု ဆွေးနွေးကြမည်ဖြစ်ကာ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားမည်ဖြစ်သည်။



ညီလာခံတွင် ပြည်တွင်း ပြည်ပပညာရှင်များက ဆီးချို၊ သွေးချိုရောဂါ၊ အဝလွန်ရောဂါ၊ အရိုးပွရောဂါနှင့် လည်ပင်းကြီးဟိုမုန်းနှင့် ပတ်သက်သော နောက်ဆုံးပေါ်တွေ့ရှိချက်များ၊ နိုင်ငံတကာကျင့်သုံးလက်ခံနေသော ကုထုံးများ၊ သုတေသနတွေ့ရှိချက်များကို အတွေ့အကြုံဖလှယ်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

# ငမိုးရိပ်တံတား(ပါရမီ)တည်ဆောက်ရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့ကို ဆက်သွယ်လျက်ရှိသည့် ငမိုးရိပ်တံတား(ပါရမီ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ လေးလမ်းသွား ဗိုလ်မှူးဗထူးလမ်းအား ကျောက်ချောကတ္တရာခင်းနေမှု၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် ခေမာသီလမ်းဆုံ၌ လမ်းသားများ တိုးချဲ့ခြင်းနှင့် လမ်းလယ်ကျွန်း ပြုလုပ်နေမှု၊ သုဓမ္မာလမ်း၌ အပိုင်းလိုက်ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် သုနန္ဒာ ပိုက်ငါးလုံးချောင်းကူးတံတားသစ် တည်ဆောက်ရန်ဆောင်ရွက်နေမှု၊ အင်းစိန်မြို့နယ် ဘူတာရုံလမ်းဆုံမှ မရမ်းကုန်းမြို့နယ် ပါရမီလမ်းဆုံထိ အင်းစိန်လမ်းအား ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှုနှင့် လှိုင်မြို့နယ် ပါရမီလမ်းဆုံမှ ကမာရွတ်ဘူတာရုံလမ်းဆုံထိ ဗဟိုလမ်းအား ကျောက်ချောကတ္တရာလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှအပဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၂**

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဌာန (DITP)မှ ကြီးမှူး၍ ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသ၏ အလှအပနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ရှင်းလင်းဟောပြောပွဲကို မေ ၁၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Chatrium Hotel, Grand Ballroom ၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတကာမှ နှစ်သက်သည့်ထိုင်းနိုင်ငံ၏ အဆင့်မြင့် Spa နှင့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးအခွင့်အလမ်းများအတွက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ (Business Matching)ကို မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

# ဓမ္မရောင်ခြည် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၂**

ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း၏ (၁၂)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ မေ ၁၉ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဓမ္မရောင်ခြည်၏ ပုံမှန်သွေးလှူရှင်များအပြင် အသက် (၁၈)နှစ်မှ (၅၅)နှစ်အတွင်း ကိုယ်အလေးချိန်ပေါင် ၁၀၀ ကျော်၍ ရောဂါကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သော မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း ဖိတ်ခေါ်ထားပြီး လှူဒါန်းသူစေတနာသွေးလှူရှင်များကို ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်းမှ တရားစာအုပ်များနှင့် အာဟာရများ လှူဒါန်းမည်ဖြစ်ရာ ဖုန်း-၃၈၂၉၃၅(တိုက်ရိုက်)၊ ၃၇၁၈၀၀ လိုင်းခွဲ(၃၆၄)၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၀၁၅၄၄၆ နှင့် ၀၉-၅၁၄၃၉၉၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ သွေးလှူရှင်အဖွဲ့သည် အရေးပေါ်လူနာများအတွက် လစဉ်သွေးပုလင်း ၆၀ ကျော်ကို လှူဒါန်းပေးနေသည့် စေတနာသွေးလှူရှင်အဖွဲ့ဖြစ်ပြီး ယခု စုပေါင်းသွေးလှူဒါန်းပွဲသည် (၁၂)ကြိမ်မြောက်ဖြစ်ကာ (၁၁)ကြိမ်မြောက်ထိ သွေးပုလင်း ၂၂၀၀ ကျော်ကို ထောက်ပံ့လှူဒါန်းခဲ့ပြီးဖြစ်သည်။ (လှိုင်မြင့်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၃-၅-၂၀၁၂ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၅း၄၀ | “သာသနပူဇာမြတ်မင်္ဂလာ” တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ) |
| ၁၀း၁၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (သား သမက် သမီး ချွေးမ) |
| ၂း၂၀ | ဗီဒီယိုပြခန်း |
| ၅း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နှလုံးသားပုံဖော်ရာ”(အပိုင်း-၇)** |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၂၁)** |
| ၇း၂၀ | Kick Rock Show (Part-7) |
| ၈း၁၀ | Barclays Premier League Man City Vs QPR |
| ၁၀း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၃၅)** |
| ၁၂း၁၅ | ခရီးပျော်တို့လမ်းညွှန်ရာ (ပုဂံခရီးစဉ်) (အပိုင်း-၂) |
| ၄း၄၅ | ဥက္ကာလုံမွေရှင်တော်ဓာတ်ကိန်းဝပ်စံပယ်တော်မူသည့် ရွှေဟောင်းသမိုင်းဝင် ဖိုးဦးတောင်စေတီ |

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Man City - QPR | ESPN (MRTV-4) |
| ၈း၃၀ | Sunderland - Man U | (Star Sports) |

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

# ဒေါ်လာသန်း ၅၆၀ တန်ဖိုးရှိ အမေရိကန်အမြောက်များ အိန္ဒိယဝယ်မည်

နယူးဒေလီ မေ ၁၂

**အိန္ဒိယနိုင်ငံသည် ခေတ်နောက်ကျကျန်နေသော ၎င်း၏လက်နက်ကြီးများကို အဆင့်မြှင့်တင်လျက်ရှိရာတွင် အမေရိကန်ပြည်ထောင်စု "ဘီအေအီးစစ္စတန်"ကုမ္ပဏီမှ ဒေါ်လာသန်း ၅၆၀ တန်ဖိုးရှိသော ဟောင်ဝစ်ဇာအမြောက် ၁၄၅ လက်ဝယ်ယူမည့် အရောင်းအဝယ်စာချုပ်ကို သဘောတူညီလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ထုတ်ဖော်ပြောဆိုသည်။**



ဆွီဒင်နိုင်ငံမှ ဝယ်ယူခဲ့သော အမြောက်များကို အိန္ဒိယတပ်ဖွဲ့များက ရွှေ့ပြောင်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒေသတွင်းပြိုင်ဘက်များဖြစ်ကြသည့် တရုတ်၊ ပါကစ္စတန်နိုင်ငံတို့နှင့် ကာလကြာမြင့်စွာ တင်းမာမှုရင်ဆိုင်နေရသဖြင့် လက်နက်ကြီးများအား ဒေါ်လာဘီလီယံပေါင်းများစွာ အကုန်အကျခံ၍ ၎င်း၏စစ်ရေးစွမ်းပကားကို မြှင့်တင်လျက်ရှိသည်။

ယင်းလက်နက်ကြီးများအတွက် ရူပီးငွေဘီလီယံ ၃၀ (အမေရိကန်ဒေါ်လာသန်း ၅၆၀)ကို အစိုးရကသုံးစွဲမည်ဟု ၎င်းတာဝန်ရှိသူကပြောသည်။

အဝေးဆုံးကီလိုမီတာ ၃၀(၁၇ မိုင်)အထိ ပစ်ခတ်နိုင်သည့် ဟောင်ဝစ်ဇာအမြောက်များကို နိုင်ငံ၏အမြင့်ဆုံးဒေသ၊ ရွှေ့တန်းစစ်မျက်နှာ၌ တပ်စွဲထားသော တောင်ပေါ်အမြောက်တပ်များက အသုံးပြုမည်ဖြစ်သည်။

## သုံးကြိမ်တိုင်တိုင်စစ်ဖြစ်

၁၉၄၇ ခုနှစ် ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးရရှိပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ သုံးကြိမ်တိုင်တိုင် စစ်ဖြစ်ခဲ့သည်။ သို့သော် တရုတ်နိုင်ငံသည် ၎င်း၏စစ်တပ်ကို ခေတ်မီတိုးတက်စေရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်ဟူသော အမြင်မှာ အိန္ဒိယနိုင်ငံအတွင်း၌ ကြီးမားလာလျက်ရှိသည်။

အိန္ဒိယစစ်တပ်သည် မတ်လအတွင်းက တိုက်လေယာဉ်များမှသည် ရေငုပ်သင်္ဘောများအထိ စစ်လက်နက်အသစ်အမြောက်အမြားကို ရရှိထားခဲ့သည်။ လက်ရှိဘဏ္ဍာရေးနှစ်တွင် စစ်ရေးအသုံးစရိတ်သည် စုစုပေါင်း ရူပီးငွေ ၁ ဒသမ ၉၃ ထရီလီယံ (ဒေါ်လာ ဘီလီယံ ၄၀ )ရှိကြောင်း အိန္ဒိယအစိုးရက ကြေညာခဲ့သည်။

ဟောင်ဝစ်ဇာအမြောက် ဝယ်ယူရေးစာချုပ်ကို အချောသပ် ပြင်ဆင်ခြင်းသည် အနည်းဆုံး တစ်နှစ်ခန့်ကြာမည်ဖြစ်သည်ဟု အခြားကာကွယ်ရေးဌာန အရာရှိများက ပြောသည်။

အိန္ဒိယသည် ၁၉၈၆ ခုနှစ်က ဆွီဒင်နိုင်ငံ အေဘီဘော်ဖာလက်နက်ကုမ္ပဏီမှ ဟောင်ဝစ်ဇာအမြောက်အလက် ၄၁၀ ကို ဝယ်ယူခဲ့သည်။ **အင်တာနက်။**

# အစ္စရေးနိုင်ငံအတွင်းမှ ပစ်မှတ်များအား တိကျစွာပစ်ခတ်နိုင်ဟု ဟစ်ဇ်ဘိုလာ ပြောကြား

ဘေရွတ် မေ ၁၂

အစ္စရေးနိုင်ငံအတွင်းမှ ပစ်မှတ်များကို တိကျစွာထိမှန်နိုင်သော လက်နက်များ ၎င်း၏စစ်သွေးကြွအုပ်စုထံ၌ ရှိနေပြီဖြစ်ကြောင်း လက်ဘနွန် ဟစ်ဇ်ဘိုလာခေါင်းဆောင်က ပြောကြားခဲ့သည်ဟု အေပီသတင်းဌာနက မေ ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

နောက်တစ်ကြိမ်စစ်ပွဲဖြစ်ပွားခဲ့လျှင် ဘေရွတ်မြို့မှ ပျက်စီးသွားသော အဆောက်အအုံများအတွက် အစ္စရေးနိုင်ငံအတွင်းမှ ပစ်မှတ်များကို ဟစ်ဇ်ဘိုလာအုပ်စုက ဖျက်ဆီးပစ်မည်ဟု ရှိတ်ဟတ်ဆန်နာဆရာလားက ၎င်း၏ထောက်ခံသူများကို ပြောကြားခဲ့သည်။

တဲလ်အဗစ်မြို့တွင်းမှ ပစ်မှတ်များကိုသာမက သိမ်းပိုက်ထားသော ပါလက်စတိုင်းနယ်မြေအတွင်းမှ ပစ်မှတ်များကိုပါ တိုက်ခိုက်နိုင်စွမ်း ၎င်း၏အုပ်စုတွင်ရှိကြောင်း ရှိတ်ဟတ်ဆန်က ပြောသည်။

၂၀၀၆ခုနှစ်က ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့ ၃၄ ရက်ကြာ စစ်ပွဲဖြစ်ပွားခဲ့ရာ လက်ဘနွန်နိုင်ငံဘက်မှ ၁၂၀၀ သေဆုံး၍ အစ္စရေးဘက်မှ ၁၆၀ သေဆုံးခဲ့သည်။

ယင်းစစ်ပွဲအတွင်း ဟစ်ဇ်ဘိုလာပြောက်ကျားတို့က အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်စင်းရေ ၄၀၀၀ နီးပါးပစ်လွှတ်ခဲ့သည်။ မကြာသေးမီနှစ်များအတွင်းက ၎င်းတို့၏ လက်နက်များကို အဆင့်မြှင့်တင်ခဲ့ပြီးဖြစ်သည်ဟု ယုံကြည်ရသည်။ **အင်တာနက်။**

# အီရန်နိုင်ငံ၏ ကြားဝင်ဖျန်ဖြေပေးမှုကြောင့် တူရကီသတင်းစာဆရာနှစ်ဦး ပြန်လည်လွတ်မြောက်

တီဟီရန် မေ ၁၂

အီရန်နိုင်ငံ၏ ကြားဝင်ဖျန်ဖြေပေးမှုကြောင့် ဆီးရီးယားနိုင်ငံတွင် နှစ်လတာ ထိန်းသိမ်းထားခြင်းခံခဲ့ရသည့် တူရကီနိုင်ငံသား သတင်းစာဆရာနှစ်ဦးမှာ လွတ်မြောက်သွားခဲ့ပြီး ၎င်းတို့ နေရင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်ကြောင်း မေ ၁၂ ရက်သတင်းများ၌ ဖော်ပြထားသည်။

သတင်းထောက် အဒမ်အောက်ကိုဆေနှင့် ဓာတ်ပုံဆရာ ဟာမစ်ကော့စ်ကွန်တို့သည် အီရန်နိုင်ငံ မြို့တော်တီဟီရန်သို့ ရောက်ရှိနေကြပြီဖြစ်ပြီး ၎င်းတို့၏ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်သည်ဟု သတင်းတွင်ဖော်ပြသည်။

၎င်းသတင်းစာဆရာနှစ်ဦးသည် မတ်လအတွင်းက ဆီးရီးယားနိုင်ငံ မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဒီမိုကရေစီလိုလားသော ဆန္ဒပြမှုများကို ဆီးရီးယားအစိုးရက နှိမ်နင်းဖြိုခွဲမှုများအား မှတ်တမ်းတင်မှုများ ပြုလုပ်နေစဉ် ပျောက်ဆုံးသွားခဲ့ကြခြင်းဖြစ်သည်။

ယင်းသတင်းစာဆရာနှစ်ဦးအား လေယာဉ်စေလွှတ်ကာ တူရကီနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်မည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒေ့ဗ်ဟော့ဇင်ဂလူက ပြောကြားသည်။ **အင်တာနက်။**



လွတ်မြောက်လာသော တူရကီသတင်းစာဆရာ နှစ်ဦးနှင့် ကူညီသူတစ်ဦးတို့ကို တွေ့ရစဉ်။



ဘာရိန်းလေတပ်မှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များ လေ့ကျင့်ပျံသန်းစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်၊ ခြောက်ဦးထက်မနည်းသေဆုံး

အစ္စလာမ္မာဘတ် မေ ၁၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပဋိပက္ခများဖြစ်ပွားနေသောဒေသတွင် သီးခြားနှစ်နေရာ၌ အကြမ်းဖက်မှုလုပ်ရပ်များ ထပ်မံဖြစ်ပွားပြန်ရာ အမျိုးသမီးများနှင့် ကလေးများအပါအဝင် ခြောက်ဦးသေဆုံးကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

## တရားဝင်ဖော်ပြ

မေ ၁၁ ရက်က ခိုင်ဘာမျိုးနွယ်စုများနေထိုင်ရာ ရှာလိုဘာဒေသတွင် မော်တော်ယာဉ်တစ်စီးအား မော်တာကျည် ထိမှန်ကြောင်း၊ အမျိုးသမီးနှစ်ဦးနှင့် ကလေးသုံးဦးသေဆုံးပြီး အခြားလူတစ်ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာမှလာသော သတင်းများတွင် တရားဝင်ဖော်ပြသည်။

မော်တာကျည်ထိမှန်ခြင်းခံရသော မော်တော်ယာဉ်မှာ ပျက်စီးသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ထိုနေ့မှာပင် ခိုင်ဘာပက်ထန်ခဝါပြည်နယ် မြို့တော် ပက်ရှ်ဝါရှိ စစ်သွေးကြွများက ဟာရှတ်နဂါးဒေသတွင် နေထိုင်သော ဒေသခံပါတီခေါင်းဆောင်တစ်ဦးအား စစ်သွေးကြွများက ပစ်ခတ်သတ်ဖြတ်ကြောင်း သတင်းတွင်ပါရှိသည်။

**အင်တာနက်။**



အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဘာရိန်းနိုင်ငံ၏ ပြည်ပရန် ကာကွယ်ရေးအတွက် စစ်လက်နက်အချို့ကို အမေရိကန်က ပြန်လည်ရောင်းချ

ဝါရှင်တန် မေ ၁၂

အမေရိကန်ပြည်ထောင်စုက ဘာရိန်းနိုင်ငံသို့ စစ်လက်နက်ပစ္စည်းအချို့ကို ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း၊ သို့သော် ယင်းစစ်လက်နက်ပစ္စည်းများမှာ အဆိုပါ ပင်လယ်ကွေ့ဒေသနိုင်ငံ၏ မည်သည့်လူထုအုံကြွမှုကိုမျှ ထိန်းချုပ်ရာတွင် အသုံးပြုရန် ထောက်ပံ့ခြင်းမဟုတ်ကြောင်း မေ ၁၁ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ စစ်လက်နက်ပစ္စည်းအချို့ ပြန်လည်ရောင်းချမှုသည် ဘာရိန်းနိုင်ငံ၏ ပြည်ပရန်ကာကွယ်ရေးစွမ်းရည်ကို ထိန်းသိမ်းနိုင်ရန်သာ ကူညီခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

## ပိတ်ပင်ထား

ယမန်နှစ်ကဖြစ်ပွားခဲ့သည့် ဒီမိုကရေစီလိုလားသော ဆန္ဒပြပွဲများကို ဘာရိန်းအစိုးရက နှိမ်နင်းခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုမှ ဘာရိန်းနိုင်ငံသို့ လက်နက်တင်ပို့ရောင်းချမှုများကို ပိတ်ပင်ထားခဲ့သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက စတင်ဖြစ်ပွားခဲ့သော ဘာရိန်းနိုင်ငံ၏ဆန္ဒပြပွဲများ၌ သေဆုံးခဲ့သူဦးရေမှာ ၆၀ခန့်ရှိသည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောကြားခဲ့သည်။

ပြန်လည်စတင်မည့် လက်နက်ရောင်းချရေး အစီအစဉ်အရ ဘာရိန်းနိုင်ငံသို့ ဖရီးဂိတ်စစ်သင်္ဘောနှင့် အခြားသော ကမ်းခြေစောင့်ရေယာဉ်များပါ ထောက်ပံ့နိုင်မည့်အပြင် ဘာရိန်းလေတပ်၏ အက်ဖ်-၁၆အမျိုးအစား တိုက်လေယာဉ်များအား အင်ဂျင်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများလည်း ပြုလုပ်နိုင်မည်ဟု ဆိုသည်။

ဘာရိန်းနိုင်ငံသည် ပင်လယ်ကွေ့ဒေသတွင် အမေရိကန်ပြည်ထောင်စု၏ အဓိက မဟာမိတ်နိုင်ငံဖြစ်ပြီး အမေရိကန်အမှတ်-၅ ရေတပ်တပ်ဖွဲ့လည်း စခန်းချတည်ရှိရာနိုင်ငံဖြစ်သည်။ **အင်တာနက်။**

အတွေး အရေး (မောင်သစ်ဆင်း)

# ဥယျာဉ်မှူးကောင်း ပန်းကောင်းပွင့်စေမည်

အခြေခံပညာကျောင်းများ မကြာမီပြန်ဖွင့်တော့မှာပါ။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ခရီးကို စိတ်သစ်၊ လူသစ်၊ အတန်းသစ်ဖြင့် ကျောင်းသား ကျောင်းသူများကလည်း ပညာရေးခရီးစတင်တော့မှာပါ။ မိဘများကလည်း အတန်းသစ်သို့ တက်ရောက်ပညာသင်ကြားမည့် သားသမီးများအား ကျောင်းအပ်နှံရတော့မည့်အချိန်လည်း ဖြစ်ပါတယ်။

ကျောင်းသားမိဘများ စိတ်ပူပန်ရသည့်အချိန်ဆိုရင်လည်း မမှားပါဘူး။ ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည် ဖြစ်စေ မိမိ၏သားသမီးတို့အား ကျောင်းအပ်ရတော့မည်။ ဥစ္စာအမွေ မပေးနိုင်ပေမယ့် ပညာအမွေတော့ မဖြစ်မနေပေးရမှာ မိမိတို့မိဘများရဲ့ တာဝန်ပါ။ သို့အတွက် သားသမီးများအတွက် ပြင်ဆင်ထားရပြီလေ။ မိဘများအပိုင်းကလည်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်နေရသလို ဆရာ ဆရာမများကလည်း ပြင်ဆင်မှုများ အဆင်သင့်ဖြစ်နေမှာပါ။ ကျောင်းဖွင့်ချိန်ရာသီရောက်တိုင်း နှစ်စဉ်ကြားနေကျ ညည်းတွားသံ၊ မကျေနပ်သံများကလည်း ကြားရမြဲဖြစ်သည်။ ကျောင်းဝင်ကြေး၊ စာအုပ်စာတမ်းကြေး၊ မိဘဆရာအသင်း ရန်ပုံငွေ၊ ကျောင်းပြောင်းရွှေ့ကြေး၊ ကျောင်းသားသစ် ကျောင်းပြောင်းသည့်အတွက် ပေးရငွေ စတဲ့ခေါင်းစဉ်များအောက်တွင် ကျောင်းများမှ ကောက်ခံသည့်အတွက် မိဘများ၏ မြည်တွန်တောက်တီးသံတို့ကား ကျောင်းဖွင့်ရာသီနှင့်အပြိုင် ကြားနေကျပါ။ သို့သော် လာမည့် ကျောင်းဖွင့်ရာသီမှာတော့ ဒီအသံတွေလျော့နည်းသွားတော့မယ့် လက္ခဏာတွေကို မြင်တွေ့နေရပါပြီ။

ယခုလာမယ့် ပညာသင်နှစ်က ယခင်ပညာသင်နှစ်များကဲ့သို့မဟုတ်ဘဲ ထူးခြားမှုများ ရှိလာတယ်လို့ ပြောရမှာပါ။ ယခင်က ပညာရေးလုပ်ငန်းစဉ်များကို ဗဟိုက သတ်မှတ်ပေးပြီး အောက်ခြေအဆင့်အသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်ရသည့် စနစ်ဖြစ်သည်။ ယနေ့အခါတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အောက်ခြေအဆင့်အသီးသီးက ပညာရေးဝန်ထမ်းများကိုယ်တိုင် ပါဝင်ဆွေးနွေးဆုံးဖြတ်ပြီး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ ပညာရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ရေး၊ မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့်သင်ကြားရေး၊ အခြေခံပညာ အဆင့်အလိုက်ရက်သတ္တပတ်အချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားရေး အစရှိသည့် လုပ်ငန်းစာတမ်းလေးစောင်ကိုလည်း တင်သွင်းဆွေးနွေးခဲ့ပြီ ဖြစ်တယ်လို့ သိရပါတယ်။

ယနေ့လို ၂၁ ရာစု အချိန်တွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် လူသားအရင်းအမြစ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်၌ လုံးဝတည်မှီနေတာပါ။ မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်သည့်နေရာတွင် ပညာပေးသောနည်းလမ်း၊ စီမံခန့်ခွဲရေးနည်းလမ်း၊ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်နေသည့်ကာလလည်း ဖြစ်သည်။ မသင်မနေရပညာသင်စနစ်ကို ဦးတည်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းအဆင့်၌ တက်ရောက်သင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအားလုံးအတွက် ကျောင်းသုံးစာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ် ခြောက်အုပ်စီကို နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသွားမယ်လို့ သတင်းစာများမှာလည်း ဖတ်ရပါတယ်။

ဤနေရာတွင် ကိုယ်ကျိုးရှာ ဆရာ ဆရာမအချို့ကြောင့် ကျန်သောဆရာ ဆရာမများကို ထိခိုက်သောအဖြစ်အပျက်များကလည်း ယခင်အစိုးရများလက်ထက်က ရှိခဲ့ဖူးပါတယ်။ မိမိနေထိုင်ရာ မြို့နယ်မှာတောင် ကျောင်းအုပ်ဆရာ ဆရာမအချို့ရဲ့ ကိုယ်ကျိုးရှာမှုဟာ ကျန်သောပညာရေးဝန်ထမ်းများကို ထိခိုက်ခဲ့ရပါတယ်။ ကျောင်းပြောင်းသည့်အတွက် ငွေကို ပေးခဲ့ရသည်ဆိုသည့် မိဘများ၏ ညည်းတွားသံ၊ မကျေနပ်သံများက ပညာရေးလောကကို ထိခိုက်စရာဖြစ်ခဲ့ရပါတယ်။ သို့သော် ယခုစာသင်နှစ်တွင်ကား ထိုသို့သောဖြစ်ရပ်များ မရှိစေရန်၊ လျော့နည်းသွားစေရန်၊ ပပျောက်သွားစေရန် အားလုံးဆင်ခြင်ရမည့် အချိန်ဖြစ်သည်။ **"နိုင်ငံတော်အနေဖြင့် ငွေကြေးအမြောက်အမြားသုံးစွဲပြီး မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ဆရာ ဆရာမများအနေဖြင့် ဤလုပ်ငန်းစဉ်များကို ထိခိုက်စေမည့် အခြားခေါင်းစဉ်ဖြင့် ငွေကြေးကောက်ခံခြင်း၊ ပြင်ပမှ ထုတ်ဝေသည့် Student's Guide များ၊ မှတ်စုတိုများ၊ လေ့ကျင့်ခန်းစာအုပ်များ ရောင်းချခြင်းစသော လုပ်ရပ်များကို ရှောင်ကြဉ်ပြီး ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျောင်းရန်ပုံငွေများနှင့် ကျောင်းလခကောက်ခံရန် သတ်မှတ်ထားသည့်နှုန်းအတိုင်းသာ ကောက်ခံဆောင်ရွက်ကြရန် အလေးအနက်မှာကြားလိုကြောင်း"** သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၇-၅-၂၀၁၂ ရက်နေ့ ဗဟိုဝန်ထမ်းတက္ကသိုလ်ဖောင်ကြီး၌ ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၀) ဖွင့်ပွဲအခမ်းအနား၌ တရားဝင် ပြောကြားခဲ့ပါပြီ။

အမှန်တကယ်တော့ ဆရာ ဆရာမတွေဟာ ယဉ်ကျေးသောလူ့ဘောင်အဖွဲ့အစည်းအတွင်းမှ မွန်မြတ်သောစံနမူနာပြပုဂ္ဂိုလ်များဖြစ်ပါတယ်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ "ဆရာ" ဆိုတဲ့ ဂုဏ်ဒြပ်ဟာ ပင်ကိုအားဖြင့် ကြည်ညိုလေးစားဖွယ်ဂုဏ်ပြုပူဇော်ဖွယ် ဂုဏ်ရည်များဖြင့် ပြည့်ဝနေပြီဖြစ်ပါတယ်။ ပညာကို အလေးအမြတ်ထားတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ ပညာသင်ကြားပေးသော ဆရာကို ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နှင့် တစ်ဂိုဏ်းတည်းထားပြီး အပူဇော်ခံထိုက်သည့် ပုဂ္ဂိုလ်များအဖြစ် တန်ဖိုးထား ကြည်ညိုလေးစားကြပါတယ်။

တစ်ဖက်တွင်လည်း ဆရာတစ်ဦးသည် မိမိ၏ တပည့်ကျောင်းသား ကျောင်းသူများကို စာပေပညာ သင်ကြားပေးရုံမက လိမ္မာရေခြားရှိပြီး လူ့လောကတွင် အောင်မြင်တိုးတက်သည်အထိ လမ်းမှန်ညွှန်ပြရသည့် တာဝန်ရှိသည်ဆိုသည့် ဆရာတို့လိုက်နာအပ်သောကျင့်ဝတ်သည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေဆဲ ဖြစ်ပါတယ်။

ယင်းသို့ကောင်းမြတ်သည့် ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ဆရာ့ဂုဏ်ဒြပ်၊ ဆရာ့ကျင့်ဝတ်တို့ ပိုမိုတိုးတက်ခိုင်ခံ့ပြီး ဆရာတို့ဘဝ သာယာချမ်းမြေ့စေရေး၊ ဆရာတို့၏ အခွင့်အလမ်းများကို တိုးတက်ဖြစ်ထွန်းစေရေး၊ ဆရာ့အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားစေရေးတို့နှင့်အတူ တပည့်များ၏ ပညာရေးဘဝမြင့်တင်ရေး၊ လမ်းမှားသို့ မရောက်စေရန် စံနမူနာပြများဖြစ်အောင် သွန်သင်ဆုံးမခြင်းတို့ဖြင့် မိဘပြည်သူများနှင့် ဆရာ ဆရာမများ တက်ညီလက်ညီ လက်တွဲဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ယင်းပညာတတ်ပုဂ္ဂိုလ်များသည် မယဉ်ကျေး၊ မလိမ္မာသေးသည့် ကျောင်းသားလူငယ်များကို သွန်သင်ဆုံးမပဲ့ပြင်ရသူများလည်းဖြစ်သည်။ ထိုသို့သောပုဂ္ဂိုလ်များသည် မိမိ၏ကိုယ်ကျိုးစီးပွားကြောင့်ဖြစ်စေ၊ မိမိ၏အတ္တကြောင့်ဖြစ်စေ၊ မိမိ၏မယဉ်ကျေးသည့် အပြုအမူအပြောအဆိုကြောင့်ဖြစ်စေ၊ ယဉ်ကျေးသောလူ့အဖွဲ့အစည်း၊ မိမိ၏ဌာန၊ မိမိ၏ကျောင်း၊ မိမိ၏ဂုဏ်သိက္ခာကို မထိခိုက်မိစေရန်၊ မညစ်နွမ်းစေရန်၊ အထူးဂရုပြု ဆောင်ရွက်ရတော့မှာဖြစ်ပါတယ်။ ဌာနကိုရော အဖွဲ့အစည်းကိုပါ မိမိဂုဏ်သိက္ခာအတွက်ပါ မကောင်းသည့် မသင့်လျော်သော စိတ်ဓာတ်တို့ကို ယခုကတည်းက ဖယ်ရှား၍ ကောင်းမွန်သည့်စိတ်ဓာတ်များကို ပြင်ဆင်ထားရတော့မည့်အချိန်ကို ရောက်နေပါပြီ။

သို့ပါ၍ နိုင်ငံတစ်ဝန်းလုံးတွင်ရှိကြသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအနေဖြင့် မိမိတို့ပိုင်ဆိုင်ပြီးဖြစ်သည့် "မြတ်ဆရာ"ဆိုသော ဂုဏ်ဒြပ်နှင့်အညီ မိမိတို့တာဝန်ကျရာ လူ့အဖွဲ့အစည်းတွင် ဆရာကျင့်ဝတ်၊ ဆရာ့ဂုဏ်သိက္ခာပြည့်ဝမြင့်မားစွာဖြင့် လေးစားအတုယူထိုက်သော စံနမူနာပြပုဂ္ဂိုလ်များ ပညာဉာဏ်ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်ထွန်းလာအောင် လေ့ကျင့်မွေးထုတ်ပေးနိုင်သော ဥယျာဉ်မှူးကောင်းများအဖြစ် တင့်တင့်တယ်တယ်ရပ်တည်နိုင်ကြ၍ ဥယျာဉ်မှူးကောင်းတို့၏ မွန်မြတ်သော စေတနာဖြင့် နိုင်ငံတော်အစိုးရသစ်၏ အမျိုးသားပညာရေး ဥယျာဉ်ကြီးအား ပြုစုပျိုးထောင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း . . .။ ။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

## တောင်တရုတ်ပင်လယ်ဒေသ ပိုင်နက်အငြင်းပွားမှုကို တုံ့ပြန်ရေး စစ်ရေးအရပြင်ဆင်ထားသည်ဟူသောသတင်းများ တရုတ်ငြင်းဆို

ပေကျင်း မေ ၁၂

တောင်တရုတ်ပင်လယ်ဒေသအတွင်း ဖိလစ်ပိုင်နိုင်ငံနှင့်ဖြစ်ပွားနေသော နယ်မြေပိုင်နက် အငြင်းပွားမှုပြဿနာအား တုံ့ပြန်ရန် တရုတ်လက်နက်ကိုင်တပ်ဖွဲ့များသည် စစ်ပွဲဆင်နွှဲရေးအတွက် အသင့်ပြင်ဆင်ထားသည်ဟူသည့် သတင်းများကို တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၁ ရက်တွင် ငြင်းဆိုခဲ့သည်။

ကွမ်ကျိုးစစ်တိုင်း၊ တောင်တရုတ်ပင်လယ်ရေတပ်နှင့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများသည် တောင်တရုတ်ပင်လယ်ပိုင်နက်နယ်မြေ အငြင်းပွားမှု ပြဿနာအားဖြေရှင်းရန် စစ်ရေးအရ အသင့်ပြင်ထားသည်ဟူ သော သတင်းများမှာ မှန်ကန်မှုမရှိကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ပိုင်နက်နယ်မြေ အငြင်းပွားမှုပြဿနာအား အဆုံးသတ်ရန်အတွက် စစ်ပွဲဆင်နွှဲရန် တရုတ်နိုင်ငံက ပြင်ဆင်ထားကြောင်း ယင်းနိုင်ငံမှ သတင်းမီဒီယာများက သတိပေးချက်များ ထုတ်ပြန်ထားသော်လည်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက အထက်ပါအတိုင်း ငြင်းဆိုထားခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်ရေပြင်အတွင်းမှ စကားဘရော့ရှိုရယ်လ်အမည်ရှိ သန္တာကျွန်းငယ် တစ်ကျွန်းအား ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် တရုတ်နှင့် ဖိလစ်ပိုင်သင်္ဘောများသည် တစ်ဖက်နှင့်တစ်ဖက် တစ်လကျော်ကြာမျှ ရင်ဆိုင်နေကြဆဲဖြစ်သည်။

တရုတ်နိုင်ငံက ဟွမ်ယန်ကျွန်းဟုခေါ်သည့် စကားဘရော့ရှိုရယ်လ်သန္တာကျွန်း**(အောက်ပုံ)**သည် ဖိလစ်ပိုင်နိုင်ငံမှ မိုင် ၁၀၀ ကျော်အကွာ ရေပြင်အတွင်းတည်ရှိသော ကျောက်တန်းတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံနှင့် မိုင် ၅၀၀ ကွာဝေးသည်။

စကားဘရော့ရှိုရယ်လ်သန္တာကျွန်း ပိုင်ဆိုင်ခွင့် အငြင်းပွားမှုပြဿနာကို ပင်လယ်ရေကြောင်းဥပဒေများနှင့်အညီ နိုင်ငံတကာတရားရုံး၌ ဖြေရှင်းရန် ဖိလစ်ပိုင်နိုင်ငံက တရုတ်နိုင်ငံအား တောင်းဆိုထားသည်။ ***အင်တာနက်။***





*ဂွါတီမာလာနိုင်ငံရှိ မာယာမြို့ဟောင်း တစ်ခုအတွင်း တွေ့ရှိရသော မာယာလူမျိုးတို့၏ မှတ်တမ်းများကို သုတေသန ပညာရှင်များ လေ့လာစဉ်။*

## ဂွါတီမာလာ၌ မာယာလူမျိုးတို့၏ လပြက္ခဒိန်မှတ်တမ်းများတွေ့ရှိ ၂၀၁၂ ခုနှစ် ကမ္ဘာပျက်ဟောကိန်း၏ သဲလွန်စကို မတွေ့ရ

ဘော့စတွန် မေ ၁၂

ဂွါတီမာလာနိုင်ငံအတွင်း ရှာဖွေတွေ့ရှိခဲ့သော ရှေးဟောင်းမာယာလူမျိုးတို့၏ နံရံစာ အရေးအသားများအရ လူအတော်များများယုံကြည်ထားသည့် ၂၀၁၂ ခုနှစ်၌ ကမ္ဘာပျက်မည်ဟူသောဟောကိန်းမှာ မှန်ကန်မှုမရှိကြောင်း သိပ္ပံပညာရှင်များက မေ ၁၀ ရက်တွင်ပြောကြားခဲ့သည်။

ယခင်တွေ့ရှိခဲ့သည့် မာယာလူမျိုးများ၏ ပြက္ခဒိန်များ၌ ခုနှစ် သက္ကရာဇ်ကို ၂၀၁၂ ခုနှစ်အထက်ကျော်လွန်၍ ဖော်ပြခြင်းမရှိသော်လည်း ယခုတွေ့ရှိရသည့် ရှေးဟောင်းမာယာအရေးအသားများနှင့် ပြက္ခဒိန်များတွင် ခုနှစ်သက္ကရာဇ်အရ ၂၀၁၂ ခုနှစ်ထက် ကျော်လွန်ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဂွါတီမာလာနိုင်ငံ ဆာလ်တန်ဒေသရှိ ရှေးခေတ်အဆောက်အအုံပျက်တစ်ခု၏ နံရံတစ်ခုပေါ်တွင် အဆိုပါ မာယာလူမျိုးတို့၏ လပြက္ခဒိန်ကို ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ခဲ့ခြင်းဖြစ်သည်။

အေဒီ ၉၀၀ ခန့်က ဆာလ်တန်ဒေသရှိ ရှေးခေတ်မာယာယဉ်ကျေးမှု၏ ပိရမစ်ပုံစံ ဝတ်ကျောင်းများပြိုကျပျက်စီးခဲ့သော်လည်း မာယာလူမျိုးများရေးသားခဲ့သော နက္ခတ္တဗေဒပညာဆိုင်ရာ မှတ်တမ်းအချို့မှာ ယနေ့တိုင် ကျန်ရစ်နေဆဲဖြစ်ကြောင်း သိရသည်။ ဂွါတီမာလာနိုင်ငံ၌ တွေ့ရှိခဲ့ရသော ရှေးခေတ်မာယာအရေးအသားများတွင် သက္ကရာဇ် ၃၅၀၀ အလွန်ကာလကို ဖော်ညွှန်းထားသည့် ရက်စွဲများလည်း ပါဝင်နေကြောင်း ရှေးဟောင်းသုတေသန ပညာရှင်များက လေ့လာတွေ့ရှိခဲ့ရသည်။ ***အင်တာနက်။***

## အိုလံပစ်ပွဲတော်ကာလအတွင်း စွမ်းအားမြင့် အသံလှိုင်းထုတ်လက်နက်များ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန အသုံးပြုမည်

လန်ဒန် မေ ၁၂

လန်ဒန်မြို့တော်၌ ကျင်းပမည့် နွေရာသီအိုလံပစ်ပွဲတော်ကာလအတွင်း အဓိကရုဏ်းဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့ပါက လူစုခွဲနိုင်ရန် ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့များသည် လူ့အသက်ကို အန္တရာယ်ပေးနိုင်စွမ်းမရှိသည့် စွမ်းအားမြင့် အသံလှိုင်းထုတ်ကိရိယာများအား အသုံးပြုသွားမည်ဖြစ်ကြောင်း မေ ၁၂ ရက် သတင်းများတွင် ဖော်ပြသည်။

မီတာရာပေါင်းများစွာဝေးသော နေရာမှနေ၍ မခံမရပ်နိုင်လောက်အောင် စူးရှသည့်အသံများ လွှင့်ထုတ်ပေးနိုင်သော အဆိုပါ အသံလှိုင်းထုတ်ကိရိယာများကို ဆိုမာလီယာနိုင်ငံကမ်းရိုးတန်းဒေသ၌ ပြုလုပ်ခဲ့သည့် ပင်လယ်ဓားပြတိုက်ဖျက်ရေး စစ်ဆင်ရေးများတွင် အသုံးပြုခဲ့ဖူးသည်။

အိုလံပစ်ပွဲတော်ကာလအတွင်း လန်ဒန်မြို့တော် သိမ်းမြစ်အတွင်း ခုတ်မောင်းနေသော ရေယာဉ်များအား ရပ်တန့်စေလိုပါက ဆက်သွယ်အကြောင်းကြားရန် ယင်းကိရိယာများကို အဓိကထားအသုံးပြုမည်ဟု မျှော်လင့်ထားကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက ထုတ်လုပ်သည့် ယင်းကိရိယာများသည် သေနတ်သံနှင့်အလားတူသော ကြိမ်နှုန်း ၁၅၀ ဒက်ဆီဘယ် ဝန်းကျင်နှင့် အထက်ရှိ အသံများကို သုံးကီလိုမီတာအဝေးမှ ထုတ်လွှတ်ပေးနိုင်ကြောင်း သိရသည်။

အိုလံပစ်ပွဲတော်ကာလအတွင်း ပွဲတော်အား ဖျက်လိုဖျက်ဆီး လုပ်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သော ဆန္ဒပြပွဲများနှင့် ပြန်ပေးဆွဲခံ ခရီးသည်တင်လေယာဉ်များ အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်လာမည့် အန္တရာယ်များကို တုံ့ပြန်ရန် ပြင်ဆင်ထားကြောင်း ဗြိတိန်ရဲတပ်ဖွဲ့နှင့် စစ်ရေးမဟာဗျူဟာ ရေးဆွဲသူများက ပြောကြားသည်။

***အင်တာနက်။***



## မေ ၂၀ ရက်တွင် နှစ်စဉ် နေကြတ်မှုဖြစ်စဉ် ပေါ်ပေါက်မည်

ဝါရှင်တန် မေ ၁၂

ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်ခန့်ကာလက Supermoon ဖြစ်စဉ် ခေါ် မဟာလပြည့်ဖြစ်စဉ်ကို ကမ္ဘာတစ်ဝန်း မြင်တွေ့ခွင့်ရခဲ့ပြီးနောက် လာမည့် မေ ၂၀ ရက်တွင် နေကြတ်မှု ဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ဦးမည်ဖြစ်ရာ အမေရိကတိုက် အနောက်မြောက်ဒေသများမှ မြင်တွေ့ကြရမည်ဖြစ်ကြောင်း မေ ၁၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

မေ ၂၀ ရက်တွင် တွေ့မြင်နိုင်မည့် နေကြတ်မှုဖြစ်စဉ်သည် နှစ်စဉ်ဖြစ်ပေါ်မြဲ နေကြတ်မှုဖြစ်စဉ်တစ်ရပ်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မေ ၂၀ ရက် နေကြတ်မှုဖြစ်စဉ်အတွင်း နေ၏မျက်နှာပြင်တစ်ဝန်းလုံးနီးပါးအား လက ဖုံးအုပ်ထားမည်ဖြစ်သော်လည်း နေမင်း၏ အနားစွန်းအလင်းစက်ဝန်းမှာ ကျန်ရစ်နေမည်ဖြစ်ကြောင်း သိရသည်။

လသည် ကမ္ဘာမြေအား လှည့်ပတ်ရာတွင် ၂၉ ဒသမ ၅ ရက်လျှင် တစ်ကြိမ်ကျ နေနှင့် ကမ္ဘာအကြားဖြတ်သန်းရလေ့ရှိသည်။ ယင်းသို့ဖြတ်သန်းရာတွင် အများအားဖြင့် နေ၏ အထက်မှလည်းကောင်း၊ အောက်မှလည်းကောင်း၊ ဖြတ်သန်းလေ့ရှိရာ ယင်းသို့သော အချိန်မျိုး၌ နေကြတ်မှုဖြစ်ပွားလေ့မရှိပေ။

သို့ရာတွင် နေ၏ရှေ့တူရူမှ လဖြတ်သန်းချိန်တွင် နေ၏အလင်းရောင်အား ပိတ်ကာထားသကဲ့သို့ဖြစ်ခြင်းကြောင့် နေကြတ်မှုဖြစ်စဉ် ပေါ်ပေါက်လေ့ရှိသည်။

မေ ၁၉ ရက်တွင် လသည် ကမ္ဘာနှင့်အဝေးဆုံးပတ်လမ်းမှ တစ်ဆင့် နေနှင့်ကမ္ဘာအကြား ဖြတ်သန်းချိန်တွင် နေကြတ်မှုဖြစ်စဉ် စတင်ပေါ်ပေါက်မည်ဖြစ်သည်။

သို့ရာတွင် ကမ္ဘာနှင့်အဝေးဆုံးပတ်လမ်းပေါ်တွင် တည်ရှိခြင်းကြောင့် နေ၏မျက်နှာပြင်တစ်ခုလုံးကို လက ဖုံးကွယ်နိုင်ခြင်းမရှိဘဲ မီးစက်ဝန်း(Ring of fire)ဖြစ်စဉ်ဟုခေါ်သည့် နှစ်စဉ်နေကြတ်မှု ပေါ်ပေါက်မည်ဖြစ်သည်။

***အင်တာနက်။***

# ကျောက်မီးသွေးလောင်စာအကြောင်း တစေ့တစောင်း

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

အမေရိကန်ပြည်ထောင်စုမှ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ပြည်ပသို့ တင်ပို့ရောင်းချခဲ့သော ကျောက်မီးသွေးပမာဏသည် မက်ထရစ်တန် ၁၀၇ သန်းရှိခဲ့ပြီး ဆယ်စုနှစ် နှစ်စုအတွင်း အမြင့်ဆုံး ပြည်ပတင်ပို့မှု ဖြစ်သည်သာမက ၂၀၀၆ ခုနှစ်ကထက် နှစ်ဆကျော်ရှိကြောင်း ၁၂-၄-၂၀၁၂ ရက်နေ့ထုတ် The New Light of Myanmar သတင်းစာတွင် ဖတ်ရှုခဲ့ရပါသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့များနှင့် အမှုန်များ ထုတ်လွှတ်မှုများသည့် ကျောက်မီးသွေး လောင်စာအစား အခြားလောင်စာများကို အစားထိုးသုံးစွဲကြရန် နိုင်ငံ အများအပြားက ကြိုးပမ်းနေကြသည့်အချိန်တွင် ဖော်ပြပါသတင်းကိုဖတ်ရှုခဲ့ရာ စာရေးသူ အနေဖြင့် အတော်အံ့သြမိပါသည်။ ပို၍ အံ့သြရသည်မှာ ခေတ်မီတိုးတက်နေသော တောင်ကိုရီးယားနိုင်ငံက အမေရိကန် ပြည်ထောင်စုမှ ကျောက်မီးသွေး မက်ထရစ်တန် ၁၀ သန်းကျော် ဝယ်ယူခဲ့ပြီး ၂၀၁၀ ပြည့်နှစ်ကထက် ၈၁ ရာခိုင်နှုန်း ပိုမိုဝယ်ယူကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရခြင်းကြောင့် ဖြစ်ပါသည်။ ထိုနည်းတူပင် အိန္ဒိယနိုင်ငံက မက်ထရစ်တန် ၄ ဒသမ ၅ သန်း ဝယ်ယူခဲ့ရာ ယခင်နှစ်ကထက်၆၅ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း၊ ဂျပန်နိုင်ငံကလည်း မက်ထရစ်တန် ခုနစ်သန်းဝယ်ယူခဲ့ပြီး ယခင်နှစ်ကထက် ၁၁၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ယခုကဲ့သို့ သိသာစွာ မြင့်တက်ရခြင်းမှာ ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က လှုပ်ခတ်ခဲ့သော ငလျင်ကြီးနှင့် ဆူနာမီရေလှိုင်းဒဏ်တို့ကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံမှ အတွေ့အကြုံများအရ ပြည်သူလူထုက နျူကလီးယား စွမ်းအင်အစား အခြားလောင်စာစွမ်းအင်များကို သုံးစွဲစေလိုသောကြောင့် ဖြစ်ကြောင်း မှတ်သားရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲမှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲရန်အတွက် လိုအပ်သည့်လောင်စာများ၊ စွမ်းအင်များ သုံးစွဲမှုအခြေအနေကို စိတ်ဝင်စားသဖြင့် လေ့လာခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၁၀၀၂၁၀ ရှိပြီး လူဦးရေ ၄၈ ဒသမ ၈၇၅ သန်း (၂၀၁၀ ပြည့်နှစ်) ရှိသောကြောင့် လူဦးရေသိပ်သည်းမှု တစ်စတုရန်း ကီလိုမီတာလျှင် (၄၈၉) ဦးခန့်ရှိပါသည်။ ၂၀၁၁ ခုနှစ်က ကိုရီးယားနိုင်ငံ၏ စုစုပေါင်း GDP(PPP -Purchasing Power Parity ) သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၆ ထရီလျံရှိပြီး နိုင်ငံသားတစ်ဦးချင်း၏ GDP သည် အမေရိကန်ဒေါ်လာ ၃၁၇၅၃ (မြန်မာငွေ ၂၆ သန်းခန့်) ရှိပါသည်။ စုစုပေါင်း GDP သည် ကမ္ဘာတွင် (၁၂)ခုမြောက် နိုင်ငံဖြစ်ပြီး တစ်ဦးချင်း GDPသည် (၂၆)ခုမြောက်နိုင်ငံဖြစ်ပါသည်။ စွမ်းအင်သုံးစွဲမှု၌ ၂၀၀၈ ခုနှစ်က ကမ္ဘာပေါ်တွင် ဒသမမြောက် သုံးစွဲမှုအများဆုံး နိုင်ငံ ဖြစ်ပါသည်။ ကျောက်မီးသွေး ဝယ်ယူတင်သွင်းမှုတွင် တတိယမြောက် အများဆုံးနိုင်ငံဖြစ်ပြီး သဘာဝဓာတ်ငွေ့ တင်သွင်းမှု၌ ဒုတိယမြောက် အများဆုံး နိုင်ငံဖြစ်ကာ ရေနံတင်သွင်းမှုတွင် ပဉ္စမမြောက် အများဆုံးနိုင်ငံဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံမှ ကျောက်မီးသွေး သိုက်များ၏ စုစုပေါင်းပမာဏသည် မက်ထရစ်တန် ၁၂၆ သန်းခန့်သာ ရှိသဖြင့် တစ်နှစ်လျှင် မက်ထရစ်တန် ၂ ဒသမ ၇ သန်းခန့်သာ ထုတ်လုပ်နိုင်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်က သုံးစွဲခဲ့သည့် ကျောက်မီးသွေးပမာဏသည် မက်ထရစ်တန် ၁၁၄ သန်းကျော် ရှိကြောင်း၊ ထို့ကြောင့် လိုအပ်သော ကျောက်မီးသွေး များကို ဩစတြေးလျနှင့် အင်ဒိုနီးရှား နိုင်ငံများမှ အဓိက ဝယ်ယူတင်သွင်းခဲ့ကြောင်း၊ ကျောက်မီးသွေးသုံးစွဲမှုသည် ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း (၃၃)ရာခိုင်နှုန်းကျော် တိုးမြင့်လာခဲ့ကြောင်း၊ ပိုမိုလိုအပ်လာသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် အဓိက ဖြစ်ကြောင်း သိရှိရသည့်ပြင် သုံးစွဲခဲ့သော ကျောက်မီးသွေး စုစုပေါင်းပမာဏ၏ ထက်ဝက်ကျော်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် သုံးစွဲပြီး ကျန်ကျောက်မီးသွေးများကို စက်မှုလုပ်ငန်းများ၌ သုံးစွဲခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာပေါ်ရှိ ကျောက်မီးသွေးသိုက်များ၏ စုစုပေါင်းပမာဏသည် မက်ထရစ်တန်ပေါင်း ၈၆၀ ဒသမ ၉၃၈ ဘီလီယံ ရှိပါသည်။ ကျောက်မီးသွေး တစ်မက်ထရစ်တန်သည် ရေနံစည် ၄ ဒသမ ၈ နှင့်ညီမျှ (Barrel of Oil Equivalent -BOE) သဖြင့် ဖော်ပြပါ ကျောက်မီးသွေးပမာဏသည် ရေနံစည်ပေါင်း ၄၁၃၃ ဘီလီယံနှင့် ညီမျှပါသည်။ ကမ္ဘာပေါ်ရှိ ကျောက်မီးသွေးသိုက်များ၏ အခြေအနေကို သိရှိနိုင်ရန်အတွက် ကျောက်မီးသွေး အကြွယ်ဝဆုံးနိုင်ငံ (၁၀) နိုင်ငံမှ ကျောက်မီးသွေးသိုက်များ၏ ပမာဏများကို ဇယား(၁)တွင် ဖော်ပြထားပါသည်။ ထို့ပြင် ကျောက်မီးသွေး ထုတ်လုပ်မှု အများဆုံးနိုင်ငံ (၁၁)နိုင်ငံ၏ နှစ်အလိုက် ကျောက်မီးသွေးထုတ်လုပ်မှု ပမာဏများနှင့် ကျောက်မီးသွေးသိုက်များ၏ နောက်ထပ်ထုတ်ယူနိုင်မည့် အချိန်ကာလများကို ဇယား(၂)တွင်လည်းကောင်း၊ ကျောက်မီးသွေး ပြည်ပသို့ အများဆုံး တင်ပို့သောနိုင်ငံ (၁၁)နိုင်ငံ၏ နှစ်အလိုက် ရောင်းချတင်ပို့မှုပမာဏများကို ဇယား(၃)တွင် လည်းကောင်း၊ ကျောက်မီးသွေး အများဆုံး ဝယ်ယူတင်သွင်းသော နိုင်ငံ ခုနစ်နိုင်ငံ၏ နှစ်အလိုက်တင်သွင်းမှုများကို ဇယား(၄)တွင်လည်းကောင်း အသီးသီး ဖော်ပြထားပါသည်။

**ဇယား ၁။ ၂၀၀၈ ခုနှစ်ကုန်တွင် တည်ရှိသော ကျောက်မီးသွေးအကြွယ်ဝဆုံးနိုင်ငံ (၁၀)နိုင်ငံမှ ကျောက်မီးသွေးသိုက်များ၏ ပမာဏများ (မက်ထရစ်တန်သန်းပေါင်း)**

| နိုင်ငံ | ကျောက်မီးသွေးပမာဏ | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|
| ၁။ အမေရိကန်ပြည်ထောင်စု | ၂၃၇၂၉၅ | ၂၂. ၆ |
| ၂။ ရုရှား | ၁၅၇၀၁၀ | ၁၄. ၄ |
| ၃။ တရုတ် | ၁၁၄၅၀၀ | ၁၂. ၆ |
| ၄။ ဩစတြေးလျ | ၇၆၅၀၀ | ၈. ၉ |
| ၅။ အိန္ဒိယ | ၆၀၆၀၀ | ၇. ၁ |
| ၆။ ဂျာမနီ | ၄၀၆၉၉ | ၄. ၇ |
| ၇။ ယူကရိန်း | ၃၃၈၇၃ | ၃. ၉ |
| ၈။ ကာဇက်စတန် | ၃၃၆၀၀ | ၃. ၉ |
| ၉။ တောင်အာဖရိက | ၃၀၁၅၆ | ၃. ၅ |
| ၁၀။ ဆာဘီးယား | ၁၃၇၇၀ | ၁. ၆ |
| တစ်ကမ္ဘာလုံးစုစုပေါင်း | ၈၆၀၉၃၈ | ၁၀၀ |

**ဇယား ၂။ ကျောက်မီးသွေးထုတ်လုပ်မှုအများဆုံး(၁၁)နိုင်ငံ၏ နှစ်အလိုက် ကျောက်မီးသွေးထုတ်လုပ်မှုပမာဏ (မက်ထရစ်တန်သန်းပေါင်း)နှင့် ကျောက်မီးသွေးသိုက်များ၏ နောက်ထပ်ထုတ်ယူနိုင်မည့် အချိန်ကာလ**

| နိုင်ငံအမည် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ပါဝင်မှုရာခိုင်နှုန်း | ကာလ(နှစ်) |
|---|---|---|---|---|---|---|---|
| ၁။ တရုတ် | ၂၅၂၈. ၆ | ၂၆၉၁. ၆ | ၂၈၀၂. ၀ | ၂၉၇၃. ၀ | ၃၂၄၀. ၀ | ၄၈. ၃ | ၃၅ |
| ၂။ အမေရိကန် | ၁၀၅၄. ၈ | ၁၀၄၀. ၂ | ၁၀၆၃. ၀ | ၉၇၅. ၂ | ၉၈၄. ၆ | ၁၄. ၈ | ၂၄၁ |
| ၃။ အိန္ဒိယ | ၄၄၉. ၂ | ၄၇၈. ၄ | ၅၁၅. ၉ | ၅၅၆. ၀ | ၅၆၉. ၉ | ၅. ၈ | ၁၀၆ |
| ၄။ အီးယူ | ၅၉၅. ၁ | ၅၉၂. ၃ | ၅၆၃. ၆ | ၅၃၈. ၄ | ၅၃၅. ၇ | ၄. ၂ | ၁၀၅ |
| ၅။ ဩစတြေးလျ | ၃၈၂. ၂ | ၃၉၂. ၇ | ၃၉၉. ၂ | ၄၁၃. ၂ | ၄၂၃. ၉ | ၆. ၃ | ၁၈၀ |
| ၆။ အင်ဒိုနီးရှား | ၃၀၉. ၉ | ၃၁၃. ၅ | ၃၂၈. ၆ | ၃၀၀. ၃ | ၃၁၆. ၉ | ၄. ၇ | ၄၉၅ |
| ၇။ ရုရှား | ၁၉၃. ၈ | ၂၁၆. ၉ | ၂၄၀. ၂ | ၂၅၆. ၂ | ၃၀၅. ၉ | ၅. ၀ | ၁၈ |
| ၈။ တောင်အာဖရိက | ၂၄၄. ၈ | ၂၄၇. ၇ | ၂၅၂. ၆ | ၂၅၀. ၆ | ၂၅၃. ၈ | ၃. ၈ | ၁၁၉ |
| ၉။ ဂျာမနီ | ၁၉၇. ၁ | ၂၀၀. ၉ | ၁၉၂. ၄ | ၁၈၃. ၇ | ၁၈၂. ၃ | ၁. ၂ | ၂၂၃ |
| ၁၀။ ပိုလန် | ၁၅၆. ၁ | ၁၄၅. ၉ | ၁၄၄. ၀ | ၁၃၅. ၂ | ၁၃၃. ၂ | ၁. ၅ | ၄၃ |
| ၁၁။ ကာဇက်စတန် | ၉၆. ၂ | ၉၇. ၈ | ၁၁၁. ၁ | ၁၀၀. ၉ | ၁၀၀. ၈ | ၁. ၅ | ၃၀၃ |
| တစ်ကမ္ဘာလုံးစုစုပေါင်း | ၆၃၄၂. ၀ | ၆၅၇၃. ၃ | ၆၇၉၅. ၀ | ၆၈၈၀. ၈ | ၇၂၇၃. ၃ | ၁၀၀ | ၁၁၈ |

**ဇယား ၃။ ကျောက်မီးသွေးပြည်ပတင်ပို့မှု အများဆုံး(၁၁)နိုင်ငံ၏ နှစ်အလိုက် ကျောက်မီးသွေးတင်ပို့မှုပမာဏ (မက်ထရစ်တန် သန်းပေါင်း)**

| **နိုင်ငံအမည်** | **၂၀၀၆** | **၂၀၀၇** | **၂၀၀၈** | **၂၀၀၉** | **ပါဝင်မှုရာခိုင်နှုန်း** |
|---|---|---|---|---|---|
| ၁။ ဩစတြေးလျ | ၂၃၁. ၃ | ၂၄၃. ၆ | ၂၅၂. ၂ | ၂၆၁. ၇ | ၂၆. ၅ |
| ၂။ အင်ဒိုနီးရှား | ၁၇၄. ၄ | ၂၀၁. ၃ | ၂၀၇. ၀ | ၂၃၇. ၁ | ၂၄. ၀ |
| ၃။ ရုရှား | ၉၃. ၈ | ၁၀၁. ၈ | ၁၀၄. ၇ | ၁၁၈. ၈ | ၁၂. ၀ |
| ၄။ ကိုလံဘီယာ | ၆၂. ၀ | ၆၇. ၆ | ၆၇. ၈ | ၆၈. ၈ | ၆. ၉ |
| ၅။ တောင်အာဖရိက | ၆၈. ၈ | ၆၅. ၉ | ၆၁. ၉ | ၆၇. ၀ | ၆. ၈ |
| ၆။ အမေရိကန်ပြည်ထောင်စု | ၄၆. ၄ | ၅၅. ၀ | ၇၅. ၈ | ၅၄. ၈ | ၅. ၅ |
| ၇။ တရုတ် | ၇၇. ၇ | ၆၈. ၄ | ၆၂. ၄ | ၃၄. ၈ | ၃. ၅ |
| ၈။ ကနေဒါ | ၂၈. ၃ | ၃၀. ၃ | ၃၃. ၁ | ၂၈. ၉ | ၂. ၉ |
| ၉။ ဗီယက်နမ် | ၂၁. ၃ | ၃၁. ၈ | ၁၉. ၃ | ၂၅. ၆ | ၂. ၆ |
| ၁၀။ ကာဇက်စတန် | ၂၇. ၇ | ၂၉. ၈ | ၄၃. ၂ | ၂၃. ၃ | ၂. ၄ |
| ၁၁။ ပိုလန် | ၂၃. ၀ | ၁၈. ၂ | ၁၄. ၆ | ၁၃. ၂ | ၁. ၃ |
| တစ်ကမ္ဘာလုံးစုစုပေါင်း | **၉၀၇. ၇** | **၉၇၃. ၈** | **၉၈၆. ၄** | **၉၈၉. ၆** | **၁၀၀. ၀** |

ဇယား(၁)အရ အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့ကျောက်မီးသွေးသိုက်များ၏ ၂၂ ဒသမ ၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသဖြင့် ကမ္ဘာပေါ်တွင် ကျောက်မီးသွေး အကြွယ်ဝဆုံး နိုင်ငံဖြစ်ပါသည်။ ရုရှားနှင့် တရုတ်နိုင်ငံများတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၁၂ ဒသမ ၆ ရာခိုင်နှုန်းရှိခြင်းကြောင့် ဒုတိယနှင့် တတိယအပေါများဆုံး နိုင်ငံများ ဖြစ်ကြပါသည်။ အာရှတိုက်တွင် တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်နိုင်ငံများမှ အပ မွန်ဂိုလီးယား၊ အင်ဒိုနီးရှားနှင့် ပါကစ္စတန်နိုင်ငံများသည် ကျောက်မီးသွေး အပေါများဆုံးနိုင်ငံများ ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံက ကျောက်မီးသွေး ပမာဏ ၅၅၂၉ သန်းဖြင့် သုည ဒသမ ၆ ရာခိုင်နှုန်း၊ မွန်ဂိုလီးယားနိုင်ငံက ၂၅၂၀ သန်းဖြင့် သုည ဒသမ ၃ ရာခိုင်နှုန်းနှင့် ပါကစ္စတန်က ၂၀၇၀ သန်းဖြင့် သုည ဒသမ ၃ ရာခိုင်နှုန်းဖြင့် အသီးသီး ပိုင်ဆိုင်ကြပါသည်။

ဇယား(၂)တွင် ဖော်ပြထားသည့် နိုင်ငံအလိုက် ပါဝင်မှုရာခိုင်နှုန်းများကို BOE ပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ကျောက်မီးသွေးသိုက်များ၏ နောက်ထပ်ထုတ်ယူနိုင်မည့် ကာလကို ခန့်မှန်းရာ၌ ၂၀၁၀ ပြည့်နှစ်က ထုတ်လုပ်ခဲ့သည့် ပမာဏပေါ်တွင် မူတည်ထားခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ကျောက်မီးသွေးသိုက်အားလုံး၏ နောက်ထပ် ထုတ်ယူနိုင်မည့် ပျမ်းမျှကာလကို (၁၁၈)နှစ်ဟု တွက်ချက်ခန့်မှန်းထားပါသည်။ ကမ္ဘာတစ်ဝန်းတွင် ကျောက်မီးသွေးထုတ်လုပ်သည့် နိုင်ငံပေါင်း ၁၀၀ ကျော်ရှိသည့်အနက် ၂၀၁၀ ပြည့်နှစ်က ကျောက်မီးသွေး မက်ထရစ်တန်သန်း ၁၀၀ ၏အထက် ထုတ်လုပ်သည့် နိုင်ငံ (၁၁) နိုင်ငံကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။ တရုတ်နိုင်ငံက ကျောက်မီးသွေးများကို ယခုနှုန်းထားအတိုင်း ဆက်လက်၍ ထုတ်လုပ်နေဦးမည်ဆိုပါက နောက်ထပ် (၃၅)နှစ်ခန့်သာ ထုတ်လုပ်နိုင်တော့မည် ဖြစ်သကဲ့သို့ အင်ဒိုနီးရှားနိုင်ငံသည်လည်း နောက်ထပ်(၁၈)နှစ်ခန့်သာ ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီနိုင်ငံတို့က နောက်ထပ်နှစ်ပေါင်း ၂၀၀ ကျော်သည့်တိုင် ထုတ်လုပ်နိုင်ကြဦးမည်ဖြစ်ပြီး ရုရှား နိုင်ငံက နှစ်ပေါင်း (၅၀၀) နီးပါး ထုတ်လုပ် နိုင်ဦးမည်ဖြစ်သည်ကိုလည်း တွေ့ရှိနိုင်ပါသည်။

ဇယား(၄)အရ ဂျပန်နိုင်ငံသည် ကျောက်မီးသွေး ဝယ်ယူတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်ပြီး တောင်ကိုရီးယား နိုင်ငံသည် ကျောက်မီးသွေးဝယ်ယူ တင်သွင်းမှု တတိယအများဆုံးနိုင်ငံဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။

ဇယား(၂)အရ တရုတ်နိုင်ငံသည် တစ်ကမ္ဘာလုံးမှ ထုတ်လုပ်သည့် စုစုပေါင်း ပမာဏ၏ထက်ဝက်ခန့်ကို ထုတ်လုပ်လျက် ရှိသည့်ပြင် ဇယား(၄)အရ ကျောက်မီးသွေး ဝယ်ယူတင်သွင်းမှုတွင်လည်း ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးနိုင်ငံ ဖြစ်ပါသည်။ ထို့ပြင် ၂၀၀၉ ခုနှစ်က ကျောက်မီးသွေး မက်ထရစ်တန် ၂၉၇၃ သန်း ထုတ်လုပ်ခဲ့ပြီး ပြည်ပမှ မက်ထရစ်တန် ၁၃၇ ဒသမ ၈ သန်း တင်သွင်းကာ ပြည်ပသို့ မက်ထရစ်တန် ၃၄ ဒသမ ၈ သန်း သာ ရောင်းချခဲ့သဖြင့် မက်ထရစ်တန် ၃၀၇၆ သန်းခန့်ကို ပြည်တွင်း၌ပင် သုံးစွဲခဲ့သဖြင့် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ပါသည်။ (ထို့ကြောင့်ပင် ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုအများဆုံးနိုင်ငံ ဖြစ်နေခြင်း ဖြစ်ပါသည်။) တစ်ဖန် အမေရိကန် ပြည်ထောင်စုသည် ၂၀၀၉ ခုနှစ်က ကျောက်မီးသွေး မက်ထရစ်တန်ပေါင်း ၉၇၅ ဒသမ ၂ သန်းထုတ်လုပ်ခဲ့ပြီး ပြည်ပသို့ မက်ထရစ်တန် ၅၄ ဒသမ ၈ သန်း တင်ပို့ခဲ့သဖြင့် ပြည်တွင်း၌ မက်ထရစ်တန် ၉၂၀ ဒသမ ၄ သန်း သုံးစွဲခဲ့ရာ ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံးစွဲမှု ဒုတိယ အများဆုံးနိုင်ငံဖြစ်ပါသည်။ ထိုနည်းတူပင် အိန္ဒိယနိုင်ငံက မက်ထရစ်တန် ၅၅၆ သန်း ထုတ်လုပ်ခဲ့ပြီး ပြည်ပမှ မက်ထရစ်တန် ၆၉ ဒသမ ၆သန်း ဝယ်ယူခဲ့ခြင်းကြောင့် ပြည်တွင်း၌ ကျောက်မီးသွေးမက်ထရစ်တန် ၆၂၅ ဒသမ ၆ သန်းသုံးစွဲခဲ့ရာ ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံးစွဲမှု တတိယ အများဆုံးနိုင်ငံဖြစ်ပါသည်။ (အမေရိကန် ပြည်ထောင်စု Energy Information Administration EIA ၏ ထုတ်ပြန်ချက် အရ မြန်မာနိုင်ငံ က ၂၀၁၀ ပြည့်နှစ်တွင် ကျောက်မီးသွေးပမာဏ မက်ထရစ်တန် ၁ ဒသမ ၀၁၂ သန်း သုံးစွဲခဲ့ကြောင်း သိရှိရပါသည်။)

**ဇယား ၄။ ကျောက်မီးသွေးတင်သွင်းမှုအများဆုံး (၇)နိုင်ငံ၏ နှစ်အလိုက် တင်သွင်းမှုပမာဏ (မက်ထရစ်တန်သန်းပေါင်း)**

| နိုင်ငံအမည် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ |
|---|---|---|---|---|
| ၁။ ဂျပန် | ၁၈၁. ၂ | ၁၈၉. ၆ | ၁၈၆. ၉ | ၁၆၅. ၂ |
| ၂။ တရုတ် | ၃၈. ၁ | ၅၁. ၀ | ၄၀. ၄ | ၁၃၇. ၈ |
| ၃။ တောင်ကိုရီးယား | ၇၆. ၃ | ၈၅. ၄ | ၉၇. ၂ | ၉၉. ၇ |
| ၄။ အိန္ဒိယ | ၄၇. ၈ | ၂၆. ၉ | ၆၄. ၃ | ၆၉. ၆ |
| ၅။ ထိုင်ဝမ် | ၆၂. ၇ | ၆၅. ၈ | ၆၄. ၃ | ၅၈. ၆ |
| ၆။ ဂျာမနီ | ၄၅. ၉ | ၅၁. ၀ | ၅၀. ၅ | ၄၁. ၆ |
| ၇။ ယူကေ | ၅၁. ၅ | ၄၄. ၄ | ၄၄. ၆ | ၃၈. ၂ |
| တစ်ကမ္ဘာလုံး စုစုပေါင်း | ၈၉၉. ၈ | ၉၅၈. ၄ | ၉၆၄. ၅ | ၉၄၃. ၃ |

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းသည့် ပြန်ပြည့်မြဲစွမ်းအင်များကို သုံးစွဲရန် ကြိုးပမ်းနေကြသည့် ယနေ့အခါသမယတွင် ဖွံ့ဖြိုးပြီးနိုင်ငံအများအပြားနှင့် စီးပွားရေးအရ ထိပ်တန်းသို့ရောက်ရှိနေသည့် နိုင်ငံများက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှင့်မှုအများဆုံးဖြစ်သည့် ကျောက်မီးသွေးလောင်စာကို မလျှော့ချနိုင်ဘဲ ဖြစ်နေရသည့် အကြောင်းအရင်းတစ်ရပ်မှာ ကျောက်မီးသွေးဈေးနှုန်း တည်ငြိမ်မှုရှိခြင်းနှင့် လုံလောက်စွာရရှိနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၁၉၇၃ ခုနှစ်က ရေနံအရေးအခင်းဖြစ်ပေါ်ခဲ့သည့် အချိန်မှ အစပြု၍ ရေနံကို အများအပြား သုံးစွဲနေသော နိုင်ငံအချို့သည် အာရပ်နိုင်ငံများ၏ အကျပ်ကိုင်မှုကို ခံခဲ့ရပါသည်။ နိုင်ငံရေးနှင့် စစ်မက်ရေးရာများဖြစ်ပေါ်တိုင်း ရေနံဈေးနှုန်းသည် မတည်မငြိမ်ဖြစ်လေ့ရှိခြင်း ကြောင့်လည်းကောင်း၊ ဝယ်ယူရရှိရန် မသေချာမှုကြောင့်လည်းကောင်း၊ စက်မှုလုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိတို့ ထုတ်ကုန်များ၏ ဈေးနှုန်းများ တစ်သမတ်တည်းရှိစေရေးနှင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးတို့အတွက် ရေနံအစား ကျောက်မီးသွေးကို သုံးစွဲလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကျောက်မီးသွေး သုံးစွဲမှုပမာဏသည် ၁၉၇၃ ခုနှစ်က သုံးစွဲမှုထက် သိသာစွာ များပြားလာခဲ့ပါသည်။ EIA ၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့ ကျောက်မီးသွေးသုံးစွဲမှုပမာဏသည် ၁၉၈၀ ပြည့်နှစ်က မက်ထရစ်တန် ၃၄၀၄ ဒသမ ၅ သန်း သုံးစွဲခဲ့ပြီး ၂၀၁၀ ပြည့် နှစ်တွင် မက်ထရစ်တန် ၇၂၅၁ ဒသမ ၇ သန်း တိုင်အောင် တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ ကျောက်မီးသွေးသုံးစွဲမှုသည် ၁၉၇၃ ခုနှစ်က မက်ထရစ်တန် ၅၁၀ ဒသမ ၃၇ သန်းသာ ရှိခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင် မက်ထရစ်တန် ၉၁၀ ဒသမ ၁၂၂ သန်း တိုင်အောင် များပြားခဲ့ကြောင်း၊ ဂျပန်နိုင်ငံတွင်လည်း ၁၉၈၀ ပြည့်နှစ်က ကျောက်မီးသွေးပမာဏ မက်ထရစ်တန် ၆၈ ဒသမ ၆၇၅ သန်းသာ သုံးစွဲခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၁၈၇ ဒသမ ၅၁၈ သန်းတိုင်အောင် တိုးမြှင့်ခဲ့သဖြင့် ကျောက်မီးသွေးသုံးစွဲမှု သည် နှစ်ပေါင်း (၃၀)အတွင်း သုံးဆနီးပါး များပြားလာခဲ့ကြောင်း သိရှိရပါသည်။

အထက်ဖော်ပြပါ အားသာချက်များကြောင့် စက်မှုနိုင်ငံကြီးများအနေဖြင့် ကျောက်မီးသွေးလောင်စာကို လက်မလွှတ်နိုင်ဘဲ သုံးစွဲနေကြရသော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ အထူးကိစ္စဖြစ်သည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးတွင်လည်း ပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိနေပါသည်။ ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့နှင့် အခြားဓာတ်ငွေ့များ၊ အမှုန်များ ထုတ်လွှတ်မှုလျော့နည်းစေရေး အတွက် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ စွမ်းရည်ကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြပါသည်။ စက်ရုံများ၏ စွမ်းရည်မြင့်မားလာသည်နှင့်အမျှ ကျောက်မီးသွေးသုံးစွဲရသည့် ပမာဏ လျော့နည်းလာမည်ဖြစ်ခြင်း ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့❖

# တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက် နွေစပါး ပုလဲသွယ်စပ်မျိုးစပါး စိုက်ကွင်းအား ကြိုတင်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက် ရေအေးနှင့် ညောင်တုံးအိုင်ကျေးရွာအုပ်စုရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ဧက ၁၁၀ နွေစပါးစိုက်ကွင်းသို့ ရောက်ရှိပြီး စပ်မျိုးစပါး စိုက်ပျိုးသူ တောင်သူလယ်သမားများအား စပါးတင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် တစ်ဧက ကြိုတင်ငွေကျပ် နှစ်သိန်းနှုန်း ပေးအပ်ပွဲအခမ်းအနားကို တက်ရောက်အားပေးပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ ဧရာဟသ်ာကုမ္ပဏီအနေဖြင့် တောင်သူလယ်သမားနှင့် ပူးပေါင်း၍ Public- Private Partnership (P. P. P) ဖြင့် တောင်သူလယ်သမားအကျိုးအတွက် ပူးပေါင်းဆောင်ရွက်မှုအပေါ် ဝမ်းမြောက်ပါကြောင်း၊

တောင်သူလယ်သမားများနှင့် အထူးပြုကုမ္ပဏီအကြား စ-လယ်-ဆုံး ဆောင်ရွက်နိုင်ကြရန် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ယုံကြည်မှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဈေးကွက်ရရှိရေး၊ ဈေးကောင်းရရေးတို့အတွက် မိရိုးဖလာနည်းများဖြင့် မရနိုင်တော့ဘဲ အရည်အသွေးပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်ထိန်းသိမ်းရန် လိုအပ်ချက်များရှိလာ၍ ရိတ်သိမ်းပြီးနောက် သိုလှောင်သိမ်းဆည်းရောင်းချရာတွင် တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဖြေရှင်းကြပြီး ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊

လာမည့်ရာသီတွင် ပုလဲသွယ်စပ်မျိုးစပါးကို နေပြည်တော်ကောင်စီတွင် ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်၍ ယခုစိုက်ကွင်း၏ ဖြစ်ထွန်းအောင်မြင်မှုများကို တောင်သူအချင်းချင်း လက်ဆင့်ကမ်း နည်းပညာပေး နမူနာပြသရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် လုပ်ငန်းရှင်များက ပေါင်းစပ်၍ တောင်သူလယ်သမားများအတွက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး လယ်သမားများက မိမိကဏ္ဍအလိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊

ရေရှည်တည်တံ့ခိုင်မြဲသော ဈေးကွက်ရရှိပြီး တောင်သူများ အကျိုးရှိစေမည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်ခြင်းကို တောင်သူလယ်သမားထု တစ်ရပ်လုံးက အောင်မြင်တိုးတက်ကြီးပွားလိုသော စိတ်ဆန္ဒပြင်းပြစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက် ရေအေး၊ ညောင်တုံးအိုင်အုပ်စုရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ဧက ၁၀၀ စိုက်ကွင်းသည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုကြောင့် အောင်မြင်ဖြစ်ထွန်းနေပြီး တစ်ဧက ပျမ်းမျှ တင်း ၁၀၀ မှ ၁၅၀ အကြား ထွက်ရှိမည်ဖြစ်ပြီး လုပ်ငန်းရှင်များကလည်း တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေ ပေးချေဝယ်ယူသည့်အတွက် ဈေးကွက်ခိုင်မာကြောင်း၊ လာမည့် မိုးစပါးရာသီတွင် တပ်ကုန်းမြို့နယ်၌ ဧက ၁၅၀၀၀အထိ တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ ဈေးကွက်နှင့် ဈေးနှုန်းသေချာပြီး စိုက်ပျိုးရေး နည်းပညာ၊ သွင်းအားစုများ ပြည့်စုံစွာ ဆောင်ရွက်စီမံပေးထား၍ အောင်မြင်ဖြစ်ထွန်းရန် ကြိုးပမ်းစိုက်ပျိုးကြလျက် တစ်မြို့နယ်လုံး နည်းပညာများ ပြန့်ပွားရေးဆောင်ရွက်ကြရန်မှာကြားလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် ဧရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးတင်အုံးက နေပြည်တော်ကောင်စီနယ်မြေ၌ ခေတ်မီအဆင့်မြင့်ဆန်စက်ကြီး တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော်နယ်မြေမှ စတင်ပြီး တစ်နိုင်ငံလုံး ပျံ့နှံ့အောင် ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူလယ်သမားများကလည်း စပါးအဆင့်မီရေး ကြိုးပမ်းကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး စပါးဖိုး ကြိုတင်ငွေတစ်ဧက ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စိုက်ပျိုးသည့်ဧက ၁၁၀ အတွက် စုစုပေါင်း ငွေကျပ်သိန်း ၂၂၀ ကို တောင်သူတစ်ဦးချင်းထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြင်ဖြစ်ထွန်းနေသည့် ၈၀ ရက်သား သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ဧက ၁၁၀ စိုက်ကွင်းအားလည်းကောင်း၊ ရှင်းလင်းဆောင်အနီး ခင်းကျင်းပြသထားသော ဓာတ်မြေဩဇာ သွင်းအားစုပစ္စည်းများ၊ ပုလဲသွယ်စပ်မျိုးစပါးပင်များ၊ ပုလဲသွယ်ဆန်များနှင့် စပ်မျိုးစပါး မျိုးစပါး မျိုးစေ့များကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက် နွေစပါး ပုလဲသွယ်စပ်မျိုး စပါးစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**❖ စာမျက်နှာ ၆ မှ**

အခြား ဓာတ်ငွေ့များ၊ အမှုန်များ ထုတ်လွှတ်မှုလျော့နည်းလာမည်ဖြစ်ပါသည်။ ဤသို့ စွမ်းရည်မြင့်မားရန် ကြိုးပမ်းကြသည့် နိုင်ငံများအနက် ဂျပန်နိုင်ငံက ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပြီး ဂျာမနီနိုင်ငံက ဒုတိယ၊ အိုင်ယာလန်နှင့် ယူကေနိုင်ငံများက တတိယ၊ အမေရိကန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများက စတုတ္ထနေရာများတွင် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၀၂ ခုနှစ်က ဂျပန်နိုင်ငံတွင် ဟီတာချီကုမ္ပဏီကြီးက တာဝန်ယူတည်ဆောက်ခဲ့သော မဂ္ဂါဝပ် ၇၀၀ ရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏စွမ်းရည်သည် ၄၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ ထိုစက်ရုံ တည်ဆောက်မှုမှ အတွေ့အကြုံများကို အခြေခံလျက် စွမ်းရည် ၄၉ ဒသမ ၈၃ ရာခိုင်နှုန်းအထိ ရရှိနိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။ ဂျပန်နိုင်ငံရှိ နာမည်ကျော်ကုမ္ပဏီကြီးများအနေဖြင့် ဖော်ပြပါ စက်ရုံများ၏ စွမ်းရည်ကို မြှင့်တင်ရန် ကြိုးပမ်းရာတွင် Supercritical Pressure နည်းပညာအရ အပူချိန် ၅၅၆ ဒီဂရီ C နှင့် ဖိအား ၂၄ ဒသမ ၁ M Pa အထိ ရရှိခဲ့ပြီး ထပ်မံ၍ ကြိုးပမ်းခဲ့ကြရာ Ultra-Supercritical Pressure နည်းပညာအရ အပူချိန် ၅၉၃ ဒီဂရီ C နှင့်အထက်နှင့် ဖိအား ၂၄ ဒသမ ၁ M Pa အထိ ရရှိခဲ့ကြောင်း မှတ်သားရပါသည်။

ထို့ပြင် ဂျပန်နိုင်ငံရှိ နာမည်ကျော် ကုမ္ပဏီကြီးများက ဖော်ပြပါစက်ရုံများတွင် ဆန်းသစ်တီထွင်ထားသော အထူးပြုကိရိယာများ တပ်ဆင်ခြင်း၊ အလွန်မြင့်မားသော မီးခိုးခေါင်းတိုင်များ ထားရှိခြင်း၊ အကောင်းစားကျောက်မီးသွေးများကို သုံးစွဲခြင်း၊ ကျောက်မီးသွေးများကို စနစ်တကျထားသိုခြင်း၊ စက်ရုံသို့ ခေတ်မီနည်းစနစ်များဖြင့် ပို့ဆောင်ခြင်း စသည်များကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့်လည်း ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ၊ အမှုန်များ ထုတ်လွှတ်မှု အလွန်နည်းသွားကြောင်း ကြားသိရပါသည်။

တောင်ကိုရီးယားနိုင်ငံတွင် **“အစိမ်းရောင်ဖြစ်ထွန်းမှု”** (Green Growth) ဗျူဟာအရ ရုပ်ကြွင်းလောင်စာများ သုံးစွဲမှုကို ဖြတ်တောက်ရန် ရည်မှန်းထားသည့် စီမံကိန်းများ ရှိပါသည်။ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားမဖြစ်စေရန် အလေးထားသဖြင့် ဖြည်းဖြည်းချင်းသာ ဖော်ဆောင်မည်ဖြစ်ကြောင်း၊ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုကို ၂၀၃၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ရန် ရည်မှန်းထားကြောင်း၊ ကျောက်မီးသွေးသုံးစွဲမှုလျော့နည်းစေရန်အတွက် ၂၀၂၀ ပြည့်နှစ်တွင် ပြန်ပြည့်မြဲစွမ်းအင်များကို ၁၁ ရာခိုင်နှုန်း သုံးစွဲနိုင်ရန် လျာထားကြောင်း၊ သဘာဝဓာတ်ငွေ့ကိုမူ ၂၀၅၀ ပြည့်နှစ်သို့ ရောက်ရှိသည့်အချိန်တိုင်အောင် ပိုမိုတိုးမြှင့်သုံးစွဲနေဦးမည်ဖြစ်ကြောင်း၊ “အစိမ်းရောင်ဖြစ်ထွန်းမှု”ဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လေအားလျှပ်စစ်၊ လျှပ်စစ်မော်တော်ကား စသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် GDP ၏ ၂ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း မှတ်သားရပါသည်။

သို့ဖြစ်ပါ၍ ထိပ်တန်းစက်မှုနိုင်ငံကြီးများဖြစ်ကြသည့် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံများသည်ပင်လျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကျောက်မီးသွေးလောင်စာကို လက်မလွှတ်နိုင်ဘဲ သုံးစွဲနေကြရသော သာဓကများနှင့်အတူ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည့် အတုယူဖွယ် သာဓကကောင်းများကို လေ့လာနိုင်ရန်အလို့ငှာ ရေးသားဖော်ပြအပ်ပါသည်။

(အမေရိကန်ပြည်ထောင်စုရှိ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အခြေအနေနှင့် မြန်မာနိုင်ငံနှင့် အာရှနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအခြေအနေ များကို လေ့လာလိုပါက ၁-၂-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ ၄-၂-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၆-၂-၂၀၁၂ ရက်နေ့ထုတ် နိုင်ငံတကာသတင်းဂျာနယ်များတွင် ဖော်ပြခဲ့သော “အစိမ်းရောင်စီးပွားရေးဆီသို့ -၃” ဆောင်းပါးကို ဖတ်ရှုနိုင်ပါသည်။ စာရေးသူ)

## ဒူးရင်းသီး၊ မင်းဂွတ်သီးများ တောင်ငူဈေးကွက်တွင် အရောင်းတွင်ကျယ်လျက်ရှိ

**ရေတာရှည် မေ ၁၂**

တောင်ငူမြို့ဈေးကွက်တွင် မေလဆန်းမှစ၍ ကျောက်ကြီးမြို့နယ်နှင့် သံတောင်ဒေသထွက် ဒူးရင်းသီး၊ မင်းဂွတ်သီးများ စတင်ဝင်ရောက်လာခဲ့ပြီး ယခုရက်ပိုင်းအတွင်း ဖြူးဒေသ၊ ဘောဂလိဒေသများမှ ဒူးရင်းသီး၊ မင်းဂွတ်သီးများ ဆက်လက်ထွက်ရှိလာ





သဖြင့် မြို့ပေါ်ပွဲရုံများနှင့် သစ်သီးဆိုင်များတွင် ဒူးရင်းသီး၊ မင်းဂွတ်သီးများ နေရာအနှံ့တွေ့ရှိသည်။

အဆိုပါ သစ်သီးဝလံများသည် ဒေသတွင်း ဖြန့်ချိရောင်းချခြင်းအပြင် နေပြည်တော်၊ ကင်ပွန်းတန်းဈေး၊ မြို့မဈေး၊ ပျဉ်းမနားမြို့နှင့် မန္တလေးမြို့များသို့ တင်ပို့လျက်ရှိသည်။

ဒူးရင်းသီးအလတ်တန်းစားတစ်လုံးလျှင် ၁၈၀၀ ကျပ်မှ ၃၀၀၀ ကျပ်ကြားတွင်လည်းကောင်း၊ မင်းဂွတ်သီး တစ်လုံးလျှင် လက္ကားဈေး ၁၀၀ ကျပ်၊ လက်လီဈေး ၁၂၀ ကျပ်ဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၇၈)

## နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

# MTV ရုပ်ရှင်ဆုပေးပွဲတွင် အစီအစဉ်တင်ဆက်သူအဖြစ်ပါဝင်မည့် အမ်မာစတုန်း

Spider Man ဇာတ်ကားတွင် အတူတွဲဖက်သရုပ်ဆောင်ခဲ့ကြသည့် သရုပ်ဆောင်များဖြစ်သကဲ့သို့ လက်တွေ့ဘဝတွင်လည်း ချစ်သူရည်းစားများဖြစ်ကြသည့် မင်းသမီးအမ်မာစတုန်း **(ယာပုံ)** နှင့် မင်းသားအန်ဒရူးဂါဖီးလ်တို့သည် ဇွန် ၃ ရက်တွင် ကျင်းပမည့် ၂၀၁၂ ခုနှစ် MTV ရုပ်ရှင်ဆုပေးပွဲ အခမ်းအနားတွင် အစီအစဉ်တင်ဆက်သူများအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။



အဆိုပါစုံတွဲသည် အခြားအနုပညာရှင် သရုပ်ဆောင်များဖြစ်ကြသည့် ချာလီသရွန်၊ ခရစ္စတင်းစတီးဝပ်၊ မာ့ခ်ဝါးလ်ဘာ့ဂ်၊ ချားရစ်ဟမ်းဝက်၊ မီလာကူးနစ်၊ မိုက်ကယ် ဖက်စ်ဘန်ဒါတို့နှင့်အတူ ပူးပေါင်းတင်ဆက်ကြမည်ဖြစ်သည်။

Bridesmaids ဇာတ်ကားနှင့် The Hunger Games ဇာတ်ကားများမှာ ယခု(၂၁)ကြိမ်မြောက် MTV ရုပ်ရှင်ဆုပေးပွဲတွင် ဆုအမျိုးအစားရှစ်ခုစီဖြင့် ပဏာမရွေးချယ်ခံထားရသော ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည့် ဇာတ်ကားများဖြစ်သည်။

မီလီဆာ မက္ကာသီ၊ ခရစ္စတင်းဝစ်ဂ်၊ ဂျနီဖာလောရင့်၊ ချန်နင်းတာတွမ်၊ ဂျွန်ဟေးလ်နှင့် ဂျို့စ်ဟတ်ချာဆင်တို့မှာ သရုပ်ဆောင်ဆုအမျိုးအစားလေးခုစီဖြင့် အမည်စာရင်း တင်သွင်းခံထားရသော ဆုရရှိရန်တစ်ပြေးလျက်ရှိသည့်အနုပညာရှင်များဖြစ်ကြသည်။

MTVရုပ်ရှင်ဆုများကို ပရိသတ်များက MTV.com ဝက်ဘ်ဆိုက်တွင် အွန်လိုင်းမှ မဲပေးရွေးချယ်စေမည်ဖြစ်ပြီး ဆုရအနုပညာရှင်များကို ဇွန် ၃ ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။ ***အင်တာနက်။***

## ကန်းရုပ်ရှင်ပွဲတော်သို့ အက်ရှဝါရာရိုင်း တက်ရောက်မည်

ယခုနှစ်ပြင်သစ်နိုင်ငံတွင် ကျင်းပမည့် ကန်းရုပ်ရှင်ပွဲတော်သို့ အိန္ဒိယဘောလိဝုဒ်ငွေကြယ်ပွင့် အက်ရှဝါရာ ရိုင်း ဘတ်ချန်း တက်ရောက်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

Dhoom 2 ဇာတ်ကားမှ မင်းသမီးချော အက်ရှဝါရာ ရိုင်းသည် ယခုနှစ် ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်သို့ ခြောက်လအရွယ်သမီးငယ်နှင့်အတူ တက်ရောက်မည်ဟု သိရသည်။

အသက် (၃၈)နှစ်ရှိ မင်းသမီး အက်ရှဝါရာ ရိုင်းသည် အနုပညာလောကသို့ ဖက်ရှင်မော်ဒယ်တစ်ဦးအနေဖြင့် စတင်ဝင်ရောက်လာသူဖြစ်ပြီး ၁၉၉၄ ခုနှစ် မယ်ကမ္ဘာပြိုင်ပွဲတွင် မယ်ကမ္ဘာသရဖူဆုကို ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။ ဟင်ဒီ၊ အင်္ဂလိပ်၊ တမီလ်၊ ဘင်ဂါလီ ဘာသာစကား ရုပ်ရှင်ဇာတ်ကားအများအပြားတွင် ပါဝင်သရုပ်ဆောင်ထားသည့် ဘောလိဝုဒ်နာမည်ကျော် မင်းသမီးတစ်ဦးလည်း ဖြစ်သည်။

အက်ရှဝါရာ ရိုင်း **(အောက်ပုံ)**သည် သတင်းမီဒီယာများ၏ ကမ္ဘာ့အလှဆုံး၊ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးအဖြစ် ကြိမ်ဖန်များစွာ ညွှန်းဆိုခံရသည့် မင်းသမီးတစ်ဦးဖြစ်ပြီး မင်းသား အဘစ်ရှက်စ် ဘတ်ချန်နှင့် အိမ်ထောင်ကျခဲ့သူဖြစ်သည်။

ယခုနှစ်ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်သို့ အခြား ဘောလိဝုဒ်အနုပညာရှင်များဖြစ်သည့် အာဂျန်ရမ်ပါလ်နှင့် ဘီပါရှားဘာစုတို့လည်း တက်ရောက်မည်ဟု မျှော်လင့်ရသည်။ ***အင်တာနက်။***



**အေ ဝမ်း စိုး**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တိုကျိုစတော့အိတ်ချိန်းနှင့် ဂျပန်နိုင်ငံ လွှတ်တော်စာကြည့်တိုက်တို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၁၂

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက် နံနက် ၉ နာရီတွင် တိုကျိုမြို့ရှိ Tokyo Stock Exchange သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Saito နှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**



**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ Asia and Oceania Committee ဥက္ကဋ္ဌ Mr. Kawamura နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

ယင်းနောက် အစည်းအဝေးခန်းမ၌ Mr. Saito က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Tokyo Stock Exchange ကို ၁၈၇၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့မှုနှင့် လက်ရှိ Stock ဈေးကွက်တွင် ရှယ်ရာများရောင်းချနေမှု၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် Stock ဈေးကွက်၏ အရေးပါမှုတို့ကို ရှင်းလင်းပြောကြားရာ ပြည်ထောင်စုလွှတ်တော် နာယက က Stock Exchange နှင့် Stock ဈေးကွက် တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းသည်။

ထိုမှတစ်ဆင့် ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့(Keidanren) သို့ သွားရောက်ကြပြီး Asia and Oceania Committee ဥက္ကဋ္ဌ Mr. Kawamura နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဆွေးနွေးဖြေကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးတိုးတက်ပြောင်းလဲနေမှု၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေမှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေများ ပြင်ဆင်ရေးဆွဲနေမှု၊ အထူးစီးပွားရေးဇုန်များကို စီမံဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ National Diet လွှတ်တော်စာကြည့်တိုက်သို့ ရောက်ရှိကြရာ စာကြည့်တိုက် ဥက္ကဋ္ဌ Mr. Otaki နှင့် သုတေသနဌာန ဌာနမှူး Mr. Yamaguchi တို့က လွှတ်တော်စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များသာမက လွှတ်တော်အစည်းအဝေးဆိုင်ရာ မှတ်တမ်းမှတ်ရာများ၊ နိုင်ငံတော်၏သတင်းထုတ်ပြန်ချက်များနှင့် ထုတ်ပြန်ထားသည့် ဥပဒေဆိုင်ရာ မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားရှိမှု၊ လွှတ်တော်အတွက်လိုအပ်သော မှတ်တမ်းမှတ်ရာ အချက်အလက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ နိုင်ငံပိုင် စာကြည့်တိုက်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များသာမက ပြည်သူများပါ နေ့စဉ်လာရောက်ဖတ်ရှုနေမှု၊ လွှတ်တော်၏ဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ဆောင်ရွက်ပေးမှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အစည်းအဝေးအတွင်း ဆွေးနွေးချက်မှတ်တမ်းများကို ထိန်းသိမ်းထားရှိမှု၊ သိရှိလိုသည့် အကြောင်းအရာတစ်ခု၏ ရက်စွဲကို ခလုတ်နှိပ်သည်နှင့် မှတ်တမ်းမှတ်ရာ အချက်အလက်များအား ချက်ချင်းသိရှိနိုင်စေရန် အီလက်ထရွန်နစ်စနစ်ဖြင့် ချိတ်ဆက်ထုတ်ပြန် ဆောင်ရွက်ပေးနေမှုနှင့် စာကြည့်တိုက်ထိန်းသိမ်းဆောင်ရွက်မှုစနစ်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး ဆွေးနွေး ပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များသည် အဓိက အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ လွှတ်တော်စာကြည့်တိုက်၏ လုပ်ထုံးလုပ်နည်းနှင့် နည်းစနစ်များကို သိရှိလို၍ အလေးထားလာရောက်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြည်သူများ လေ့လာဖတ်ရှုနိုင်သည့် အမျိုးသားစာကြည့်တိုက်ရှိကြောင်း၊ လွှတ်တော်စာကြည့်တိုက်ကို ယခုကဲ့သို့ လေ့လာခွင့်ရသဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင်လည်း လွှတ်တော်စာကြည့်တိုက်တည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ လွှတ်တော်စာကြည့်တိုက်များ အကြားကွန်ရက်ဖွဲ့စည်းတည်ဆောက်ရန်၊ စာအုပ်စာစောင်များ လဲလှယ်ရန်၊ အွန်လိုင်းတွင် စာအုပ်စာစောင်များ အပြန်အလှန် လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ဂျပန်နိုင်ငံ National Diet လွှတ်တော်စာကြည့်တိုက်ကို ၁၉၄၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်များ၌ တစ်ခုအပါအဝင် ဖြစ်သည်။

ပြည်တွင်း ပြည်ပစာအုပ်ပေါင်း ၃၇ သန်းနှင့် လွှတ်တော်အစည်းအဝေး ဆိုင်ရာ မှတ်တမ်းမှတ်ရာများ၊ နိုင်ငံတော်၏သတင်းထုတ်ပြန်ချက်များနှင့် ထုတ်ပြန်ထားသော ဥပဒေဆိုင်ရာ မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားကြောင်းသိရသည်။ ထို့ပြင် ၁၉၄၂ ခုနှစ် ပထမအကြိမ် လွှတ်တော်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ထိန်းသိမ်းထားကြောင်းသိရသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကနှင့် အဖွဲ့ဝင်များအား ဂျပန်နိုင်ငံ အထက်လွှတ်တော် အထွေထွေအတွင်းရေးမှူးချုပ် Mr. Ha Shimoto က ဂျပန်နိုင်ငံ အထက်လွှတ်တော် ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ ပါလီမန်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များ အပေါ် အမြင်ချင်းဖလှယ်၍ ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Taro Aso နှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe ဦးဆောင်သော အမှုဆောင်အဖွဲ့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာ စားပွဲသို့ မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဦးရဲထွဋ်တို့လည်း တက်ရောက်ကြပြီး မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းသည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Yukio EDANO အား ညနေ ၅ နာရီခွဲတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်စက်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

❁ ကျောဖုံးမှ

အောက်လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံရာ ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ် ခိုင်မာစွာဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေမှုနှင့် လွှတ်တော်ရေးရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ဂျပန်နိုင်ငံ National Diet လွှတ်တော်ကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပြီး အထက်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်(၂၄၅)ဦးနှင့် အောက်လွှတ်တော်၌ လွှတ်တော် ကိုယ်စားလှယ်(၄၈၀)ရှိကြောင်း သိရှိရသည်။

အထက်လွှတ်တော် ကိုယ်စားလှယ်လောင်း၏ သတ်မှတ်အသက်ကို အနိမ့်ဆုံး(၃၀)နှစ် သတ်မှတ်ထားပြီး လွှတ်တော်သက်တမ်းမှာ (၆)နှစ်ဖြစ်သည်။

အလားတူ အောက်လွှတ်တော် ကိုယ်စားလှယ်လောင်း၏ သတ်မှတ်အသက်ကို အနိမ့်ဆုံး(၂၅)နှစ် သတ်မှတ်ထားပြီးလွှတ်တော်သက်တမ်းမှာ(၄)နှစ်ဖြစ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂျပန်နိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Hirata Kenji က ၎င်း၏နေအိမ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။ (သတင်းစဉ်)





❂ ပြည်ထောင်စုလွှတ်တော်နာယကမှ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌက လေဆိပ် အထူးဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်၏ လုပ်ငန်းဆောင်တာများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဟနွိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဂျပန်နိုင်ငံ အိုဆာကာမြို့ Kansai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၆ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များအား ဂျပန်နိုင်ငံ အထက်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Hanatani နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Hotel Nikko Kansai Airport သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် နာရခရိုင် နာရ(Nara)မြို့သို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံသို့ ဗုဒ္ဓဘာသာစတင်ရောက်ရှိသည့် အထိမ်းအမှတ်ဖြစ်သော တိုဒိုင်းဂျိ (Todaiji) ဘုရားကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ရှေးဟောင်းသာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

တိုဒိုင်းဂျိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ခရစ်နှစ် ၇၄၉ ခုနှစ်က တည်ထားပူဇော်ခဲ့ပြီး ဉာဏ်တော်အမြင့်မှာ ၁၅ မီတာရှိသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် Todaiji Nara Park သို့ ရောက်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျိုတိုမြို့ရှိ ခေတ္တတည်းခိုမည့် Kyoto Hotel Okura သို့ရောက်ရှိကြသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးသန်းထွန်း
## စာတမ်းဖတ်ပွဲတက်ရောက်မည့်သူများအား မှာကြား

**ရန်ကုန် မေ ၁၂**

ကိုရီးယားသမ္မတနိုင်ငံ ကျေးရွာသစ်လှုပ်ရှားမှုစင်တာ၏ New Village Movement စာတမ်းဖတ်ပွဲသို့ တက်ရောက်မည့် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ အရာထမ်းသုံးဦး၊ လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာမှ သမဝါယမအသင်းသူအသင်းသား ခြောက်ဦး၊ သန်လျင်မြို့နယ် သနပ္ပင်ကျေးရွာမှ သမဝါယမအသင်းသူအသင်းသား ခြောက်ဦးနှင့် စကားပြန် တစ်ဦး စုစုပေါင်း ၁၆ ဦးတို့အား သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း(ရန်ကုန်) စည်းဝေးခန်းမ၌ တွေ့ဆုံ၍ စာတမ်းဖတ်ပွဲမှ ရရှိသည့် အတွေ့အကြုံဖြင့် မိမိကျေးရွာအတွက် ပြန်လည်အသုံးချနိုင်ရေး မှတ်သားခဲ့ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## 33 rd Asia Pacific Junior Golf Championship 2012 ပြိုင်ပွဲကျင်းပရေးပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကလပ်၌ မေ ၁၅ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် 33 rd Asia Pacific Junior Golf Championship 2012 ပြိုင်ပွဲကျင်းပရေးပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် (ကျိုက္ကဆံကွင်း) ရှိ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ပြိုင်ပွဲနှင့်ပတ်သက်သည့် လိုအပ်ချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးအောင်ထွန်းဦးက ပြိုင်ပွဲနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြိုင်ပွဲတွင် မြန်မာမှ ၂၃ ဦး၊ အိန္ဒိယမှ ၁၄ ဦး၊ ထိုင်းမှ ၁၀ ဦး၊ ဟောင်ကောင်မှ ခြောက်ဦး၊ မလေးရှားမှ ငါးဦးနှင့် ဖိလစ်ပိုင်မှ တစ်ဦးတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပြန်လည်စတင် မကွေးနှင့် ရက္ခပူရ သရေကျပြီး ဟံသာဝတီဂိုးပြတ်နိုင်

**ရန်ကုန် မေ ၁၂**

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၄)ကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပရာ ရက္ခပူရယူနိုက်တက်နှင့် မကွေးတို့ သရေကျသွားပြီး ဟံသာဝတီယူနိုက်တက်က ဂိုးပြတ်အနိုင်ရသွားသည်။

**(သုဝဏ္ဏကွင်း)**
**မကွေး - တစ်ဂိုး**
(ရိုဒရီဂူ)
**ရက္ခပူရယူနိုက်တက် - တစ်ဂိုး**
(ဘန်ဆန်)

ပထမအကျော့က သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည့် ရက္ခပူရနှင့် မကွေးအသင်းတို့မှာ ယခုပွဲတွင်လည်း အရှုံး/အနိုင် မပေါ်ဘဲ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ မကွေးအသင်းမှာ ပထမအကျော့ပြီးခါနီးတွင် နိုင်ပွဲဆက်ခဲ့သည့် ခြေစွမ်းမျိုး ယခုပွဲတွင် ပြသနိုင်ခြင်းမရှိဘဲ နိုင်ပွဲဆက်စံချိန်ရပ်တန့်ခဲ့ရသည်။ ၄၁ မိနစ်တွင် ရိုဒရီဂူ၏ သွင်းဂိုးဖြင့် မကွေးတို့ ဦးဆောင်နိုင်ခဲ့သော်လည်း ရက္ခပူရအတွက် ချေပဂိုးကို မိနစ် ၈၀ တွင် ဘန်ဆန်က သွင်းယူပေးခဲ့သည်။ ရက္ခပူရအသင်းမှာ ပထမအကျော့ထက် ကစားပုံပိုကောင်းလာပြီး ဒုတိယပိုင်းတွင် လက်ရွေးစင်ဟောင်းများဖြစ်သည့် ဇော်ဇော်နှင့် စိုးသီဟအောင်တို့ ဝင်လာမှ တိုက်စစ်ပိုကောင်းကာ ချေပဂိုးပြန်သွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

**(အောင်ဆန်းကွင်း)**
**ဟံသာဝတီယူနိုက်တက် - သုံးဂိုး**
(အောင်မြင့်ထွန်း-နှစ်ဂိုး၊မြင့်နိုင်-တစ်ဂိုး)
**ချင်းယူနိုက်တက် - ဂိုးမရှိ**

တန်းဆင်းဇုန်မှ ရုန်းထွက်ရေး ကြိုးပမ်းနေသည့် ချင်းအသင်းမှာ ဟံသာဝတီဆီမှ အမှတ်ရရန် အားထည့်ကစားခဲ့သော်လည်း အတွေ့အကြုံနည်းပါးမှုကြောင့် နိုင်ပွဲနှင့် လွဲခဲ့ရပြန်သည်။ ဟံသာဝတီအတွက် အနိုင်ဂိုးများကို ၁၇ မိနစ်နှင့် ၈၈ မိနစ်တွင် အောင်မြင့်ထွန်း၊ ၇၂ မိနစ်တွင် မြင့်နိုင်တို့က သွင်းယူခဲ့သည်။

**ယနေ့ပွဲ**
**(သုဝဏ္ဏကွင်း)**
**ရန်ကုန်ယူနိုက်တက် - ကမ္ဘောဇ**
**(အောင်ဆန်းကွင်း)**
**မောရဝတီ - ရတနာပုံ**

## သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်



**ဟံသာဝတီယူနိုက်တက်အသင်းမှ စတန်လေ ချင်းယူနိုက်တက်ဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။**

## ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (2012 President Cup Junior Tennis Tournament) လူငယ်တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသား(၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ခုနစ်ဦး၊ (၁၂)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၂၁ ဦး၊ အမျိုးသမီး (၁၂)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ရှစ်ဦး၊ အမျိုးသား (၁၄)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌(၃၀)၊ အမျိုးသမီး (၁၄)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ကိုးဦး၊ အမျိုးသား(၁၆)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၂၂ ဦး၊ အမျိုးသမီး (၁၆)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ခုနစ်ဦး၊ အမျိုးသား(၁၈)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲတွင် (Tournament Director) အဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထွန်းငွေက လည်းကောင်း၊ (Referee) အဖြစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နည်းပြ ဦးမျိုးလွင်ဦးက လည်းကောင်း တာဝန်ယူဆောင်ရွက်ကြသည်။

ပထမနေ့ပြိုင်ပွဲတွင် ၂၈ ပွဲ ကျင်းပပြီးစီးပြီး ပြိုင်ပွဲကို မေ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အငယ်တန်းသတင်းထောက် ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများ၏ စာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အငယ်တန်းသတင်းထောက်(လစာနှုန်း ကျပ် ၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများအတွက် မတ် ၃၀ ရက်တွင် ရေးဖြေစာမေးပွဲကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူ ၃၀ ၏ စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်လိုက်သည်။

အောင်မြင်သူများမှာ နေပြည်တော်ခုံအမှတ် ၁၇၊ ၂၂၊ ၂၇၊ ၄၇၊ ၄၈၊ ၅၀၊ ၅၁၊ ၅၉၊ ၆၁၊ ၆၂၊ ၈၂၊ ၈၅၊ ၈၆၊ ၉၆၊ ၁၁၂၊ ၁၁၆ နှင့် ရန်ကုန်ခုံအမှတ် ၁၅၊ ၁၉၊ ၂၁၊ ၂၈၊ ၃၀၊ ၃၁၊ ၄၀၊ ၄၁၊ ၅၃၊ ၅၆၊ ၉၁၊ ၁၀၇၊ ၁၀၉၊ ၁၂၀ တို့ဖြစ်သည်။

ရေးဖြေစာမေးပွဲအောင်မြင်သူများအား မေ ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်သတင်းစာတိုက် ခရေပင်လမ်းခွဲ ဇေယျာသီရိမြို့နယ် နေပြည်တော်၌ လူတွေ့စစ်ဆေးမည်ဖြစ်ရာ နံနက် ၈ နာရီခွဲအရောက် နေပြည်တော် သတင်းစာတိုက်သို့ သတင်းပို့ကြရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး (သတင်း) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇ ၄၁၂၁၂၆ သို့ စုံစမ်းမေးမြန်းနိုင်ကြသည်။

(သတင်းစဉ်)

## လှေလှော်ပြိုင်ပွဲကျင်းပမည့် အခြေအနေများ ASIA ROWING FEDERATION UMPIRING COMMISSION က ကြည့်ရှုအကြံပေး

**နေပြည်တော် မေ ၁၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအနေဖြင့် ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကျင်းပပေးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များအား ဖိတ်ခေါ်တိုင်ပင်၍ အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်၊ ရေကန်နှင့် သက်ဆိုင်ရာ အထောက်အကူပြုအဆောက်အအုံများ၊ ပစ္စည်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ASIA ROWING FEDERATION UMPIRING COMMISSION မှ CHAIRMAN MR. NICHOLAS Ee သည် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျွဲရှင်းရှိ ငလိုက်ဆည်သို့ သွားရောက်ပြီး တာဖမ်းစင်အနေအထား၊ ပွဲကြည့်စင်အနေအထား၊ လှေပြိုင်လမ်းကြောင်း အနေအထားနှင့် ဘွိုင်ယာများ သတ်မှတ်ချထားမှုအခြေအနေများကို ကြည့်ရှုအကြံပေးသည်။

MR. NICHOLAS Ee အား အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေး အင်ဂျင်နီယာများနှင့် တွေ့ဆုံဆွေးနွေးရာ MR. NICHOLAS Ee က ပြိုင်ပွဲလမ်းကြောင်းတစ်လျှောက် ရေအနက်တူညီရေး၊ တာလွှတ်ဇုန်၊ ပြိုင်ပွဲဝင်ဇုန်နှင့် ပန်းဝင်ဇုန်များအတွက်ထားရှိရမည့် သတ်မှတ်ဘွိုင်ယာအရောင်များ၊ အသုံးပြုရမည့် အရွယ်အစားနှင့် အမျိုးအစားများ၊ အကွာအဝေးများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တာဖမ်းဒိုင်စင် တိုးချဲ့မြှင့်တင်ရေးနှင့် မှန်တပ်ဆင်ကာရံပေးရေးများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးအကြံပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## နိုင်ငံတကာ အားကစားသတင်းများ

## ရာသီကုန်မှသာ အဆုံးအဖြတ်ပေးမည့် ပရီမီယာလိဂ်ပြိုင်ပွဲ

**လန်ဒန် မေ ၁၂**

မေ ၁၃ ရက်သည် ပရီမီယာလိဂ်၏ မျှော်လင့်မထားဘဲ ပြောင်းလဲလာမည့် အချိန်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီ၏ ပရီမီယာလိဂ်ဖလားပိုင်ရှင်အဖြစ် မည်သည့်အသင်း ရယူနိုင်စွမ်းရှိမည်နည်းဆိုသည့် အချက်မှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။

လက်ရှိ ပရီမီယာလိဂ်၏ ပွဲစဉ် (၃၇)အပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၈၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိသည်။ သို့သော် အမှတ်ပေးဇယားထိပ်၌ ရောက်ရှိနေသော်လည်း ပရီမီယာလိဂ်ဖလားကို မန်စီးတီး ရရှိမည်ဟု မဆိုနိုင်သေးပါ။ ပွဲစဉ်(၃၈)အဖြစ် ယှဉ်ပြိုင်မည့် ကျူပီအာအသင်းနှင့် ပြိုင်ပွဲက မန်စီးတီးအတွက် အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်သည်။ မန်စီးတီးအသင်း၏ အိမ်ကွင်း အီတီဟတ်ဒ်မှာ ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် အိမ်ရှင်အနိုင်ရမည်ဟု နည်းပြ မန်စီနီက အာမခံချက်ပေးထားသည်။ သို့ရာတွင် မာ့ဟုချ်ကိုင်တွယ်သည့် ကျူပီအာအသင်းကို လျှော့တွက်၍ မရနိုင်ပေ။

ဖာဂူဆန်၏ မန်ယူအသင်းသည်လည်း ရမှတ် ၈၆ မှတ်ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရှိနေသည်။ ဆန်းဒါးလန်းအသင်းအား အနိုင်ရရှိပါက မန်ယူ၏ ပရီမီယာလိဂ်အိပ်မက်ကို ကောင်းကောင်းပုံဖော်နိုင်မည်ဟုပင် ဆိုရမည်ဖြစ်သည်။ ဖာဂူဆန်ကလည်း မန်ယူအသင်းသည် ဆန်းဒါးလန်းအသင်းကို အနိုင်ကစားနိုင်မည်ဟု ယုံကြည်ထားသည်။

အမှတ်ပေးဇယား၏ တတိယနေရာက အာဆင်နယ်အသင်းသည် ရမှတ် ၆၇ မှတ် ရရှိထားသည်။ ပွဲစဉ်(၃၈)အဖြစ် ဝက်စ်ဘရွန်းအသင်းကို အနိုင်ရရှိပါက စပါးအသင်းနှင့် နယူးကာဆယ်အသင်းတို့ကို ကျော်ဖြတ်ကာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည့်အခွင့်အရေး ပိုင်ဆိုင်မည်ဖြစ်သည်။

နည်းပြ ရက်နက်ကိုင်တွယ်သည့် စပါးအသင်းသည် အမှတ်ပေးဇယား၏ အဆင့်(၄)နေရာတွင် ရှိနေပြီး အဆင့်(၃)က အာဆင်နယ်အသင်းကို ကျော်ဖြတ်၍ အဆင့်(၃)နေရာ ရောက်ရှိရန် ခက်ခဲနေသောအသင်းဖြစ်သည်။ လက်ရှိ အဆင့်(၄)နေရာကိုပင် မြဲနေရေးသေချာမှုမရှိသေးပေ။ အာဆင်နယ်အသင်းက ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ကာ စပါးအသင်းက ဖူဟမ်အသင်းကို အနိုင်ကစားနိုင်မှသာ အဆင့်(၃)နေရာရောက်ရှိပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် စွမ်းဆောင်နိုင်မည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းအနေဖြင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အိမ်ရှင် ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့မှသာလျှင် စပါးအသင်းအတွက် အခွင့်အလမ်းရရှိမည်ဖြစ်သည်။

နိုင်ငံတကာ အားကစားသတင်းများ



ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၆)နေရာတွင် ရောက်ရှိနေသော ချယ်လ်ဆီးအသင်းသည် မေ ၁၉ ရက်တွင် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲတွင် ဘိုင်ယန်အသင်းကို အနိုင်ရရှိပြီး စပါးအသင်းကို နောက်ကောက်ကျစေလျက် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည်။ လက်ရှိ အက်ဖ်အေဖလားချန်ပီယံ ချယ်လ်ဆီးအသင်းသည် ဥရောပဘောလုံးရာသီကုန်ချိန်တွင် ဖလားနှစ်လုံးပိုင်ရှင်ဖြစ်ရေးနှင့် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိရေးအတွက် ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ယူပြီး ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်သွားမည်ဖြစ်ကြောင်း နည်းပြ ဒီမတ်တီယိုက ပြောကြားခဲ့သည်။

ထို့ကြောင့် ပရီမီယာလိဂ်ဖလားကို မန်ချက်စတာနှစ်သင်းထဲမှ မည်သည့်အသင်း ချန်ပီယံဖြစ်မည်နည်း သို့မဟုတ် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိရေး ချယ်လ်ဆီးအသင်း မည်သို့ ကြိုးပမ်းသွားမည်နည်းကိုမူ စောင့်ကြည့်ရမည့်ကာလပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

**အင်တာနက်။**

## မန်ယူကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာ ဂျူဗင်တပ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုမည်ဟုဆို

**လန်ဒန် မေ ၁၂**

မန်ယူ ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာသည် လက်ရှိ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ငြင်းဆိုခဲ့ပြီးနောက် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်အား ဇူလိုင် ၁ ရက်တွင် ချုပ်ဆိုမည်ဖြစ်ကြောင်း ပေါ့ဘာက ထုတ်ဖော်ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံသား မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာသည် အိုးထရက်ဖို့ဒ်ကို စွန့်ခွာကာ စီးရီးအေ ချန်ပီယံဖြစ်လာမည့် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ယခုသီတင်းပတ်ကုန်တွင် ပြောကြားခဲ့သည်။ ပေါ့ဘာ၏ မန်ယူအသင်းနှင့် စာချုပ်သက်တမ်းမှာ လာမည့်လကုန်တွင် အဆုံးသတ်တော့မည်ဖြစ်သည်။

ထို့ကြောင့် မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာသည် လာမည့်ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်း၌ တစ်ပတ်လုပ်ခလစာ ပေါင် ၂၀၀၀၀ ရရှိသော ကစားသမားဖြစ်လာမည်ဖြစ်သည်။

ပေါ့ဘာသည် မန်ယူ၌ ဆက်လက်နေလို၍ ၎င်း၏ အေးဂျင့်မှတစ်ဆင့် မန်ယူအသင်း အမှုဆောင်အရာရှိ ဒေးဗစ်ဂီးလ်ထံသို့ စာတစ်စောင် ပေးပို့ခဲ့သည်။ သို့သော် ပေါ့ဘာနှင့် အသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်တို့အကြား စာချုပ်ချုပ်ဆိုမှုမရှိခဲ့ဘဲ စီးရီးအေကလပ်ဂျူဗင်တပ်အသင်းနှင့်သာ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ့ဘာက မေ ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

**အင်တာနက်။**



**နိုင်လင်းကြည်**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်နိုင်ငံ အထက်လွှတ်တော်၊ အောက်လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးပြီး အထက်လွှတ်တော်အတွင်း ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၁၂

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက် နံနက် ၉ နာရီခွဲ တွင် ကျိုတိုမြို့မှတစ်ဆင့် အမြန်ရထား nozomi ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တိုကျိုမြို့သို့ ရောက်ရှိသည်။**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးဟောင်း Mr. Tajima က မွန်းလွဲ ၂ နာရီတွင် Hotel New Otani ၌ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီတွင် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Mr.Hirata Kenji အား အထက်လွှတ်တော် အဆောက်အအုံဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ဝင်းလွှတ်တော်နှစ်ရပ် ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်ဟူ၍ ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဒေသပေါင်းစုံမှ တိုင်းရင်းသားပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီဆိုင်ရာ အတွေ့အကြုံနုနယ်သေးသော်လည်း အခြားနိုင်ငံများရှိ သက်တမ်းရင့်လွှတ်တော်များနည်းတူ တာဝန်ထမ်းဆောင်နိုင်စွမ်း ရှိပါကြောင်းဖြင့် ပြောကြားပြီး နှစ်နိုင်ငံ လွှတ်တော် နှစ်ရပ်အကြား အပြန်အလှန်ဆက်ဆံမှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများအပေါ် အမြင်ချင်းဖလှယ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ အထက်လွှတ်တော်အစည်းအဝေးခန်းမဆောင်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညနေ ၄ နာရီတွင် ဂျပန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Mr. YOKOMICHI နှင့် **စာမျက်နှာ ၈ ကော်လံ ၆ သို့**



**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Mr.Hirata Kenji တို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ရောက်ရှိ

နေပြည်တော် မေ ၁၂

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်၊ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် တာဝန်ရှိသူများ ပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်-မြန်မာလွှတ်တော် နှစ်ရပ်အကြား အပြန်အလှန် ဆက်ဆံရေးအစီအစဉ်အရ မေ ၅ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ရောက်ရှိသည်။**



ပြည်ထောင်စု လွှတ်တော်နာယကဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ် အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Ha Huy Thong နှင့် နိုင်ငံတကာဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး Mr. Pham Hoauy Hoi ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသက်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့**

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အဖွဲ့ဝင်များ ဂျပန်နိုင်ငံ နာရမြို့ရှိ တိုဒိုင်းဂျိ ဘုရားကျောင်းအတွင်း စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)